# THE STRUGGLE

09

APRIL 2024




တော်လှန်ရေးသီအိုရီမရှိဘဲ၊ တော်လှန်ရေး လှုပ်ရှားမှု မရှိနိုင်ဘူး(လီနင်)

## The Decisive Element of Revolution: Mass Insurrection Led by the Proletariat



# THE STRUGGLE CONTENTS

APRIL 2024 09

တော်လှန်ရေးသီအိုရီမရှိဘဲ၊ တော်လှန်ရေးလှုပ်ရှားမှုမရှိနိုင်ဘူး (လီနင်)


03 သရောကြီးခိုင်းမယ့် နှစ်၊ လူတန်းစား တိုက်ပွဲ ပြင်းထန်လာမယ့်နှစ်

အယ်ဒီတာ့အာဘော်

08 Burmese junta caught between a rock and a hard place


16 အလုပ်သမားလူတန်းစား ခေါင်းဆောင်တဲ့ လူထုအုံကြွမှုသာ တော်လှန်ရေးရဲ့ အဆုံးအဖြတ်

20 ကောလင်း သင်ခန်းစာ

23 လစ်ဘရယ်ညီလာခံ

27 လီနင်ဘက်မှ ခုခံချေပခြင်း (အပိုင်း -၁)

34 မာ့က်စ်ဝါဒဆိုင်ရာ သိကောင်းစရာ အခြေခံ အမေးအဖြေများ

“The Chains Are Breaking – This is an Echo of Our Revolution!” by Viktor Koretsky and Yuri Kershin, 1967



EDITORIAL

# သရောကြီးခိုင်းမယ့် နှစ်၊ လူတန်းစား တိုက်ပွဲ ပြင်းထန်လာမယ့် နှစ်

မကြာခင် မြန်မာနှစ်သစ်ကူးပါတော့မယ်။ ဗမာပြည်တွင်းက အဖိနှိပ်ခံ လူထုကြီးအဖို့ သာယာပျော်ရွှင်ဖွယ် သင်္ကြန် အခါသမယကို မဆင်နွှဲရတာ ကြာခဲ့ပါပြီ။ သင်္ကြန်မှာ မပျော်နိုင်ကြတဲ့အပြင် လက်ငင်းရင်ဆိုင်နေကြရတဲ့ ဒုက္ခတွေကလဲ တနင့်တပိုး။ ကျပ်ငွေတန်ဖိုး ထိုးကျပြီး ငွေကြေးဖောင်းပွနေလို့ ကုန်ဈေးနှုန်းတွေ ခေါင်ခိုက်နေလို့ ထမင်းနပ်မမှန်တဲ့ မိသားစုတွေ၊ အလုပ်လက်မဲ့ လူငယ်တွေ၊ သီးနှံအထွက်နှုန်း ထိုးကျနေတာတွေ၊ ပိတ်သိမ်းသွားတဲ့ စက်ရုံအလုပ်ရုံတွေ။ ဒါ့အပြင် ကမ္ဘာ့အပူဆုံး မြို့များစာရင်းထဲ ဝင်သွားတဲ့အထိ ပူလောင်လွန်းတဲ့ အယ်နီညို ရာသီဥတု၊ မြစ်ချောင်းအင်းအိုင်တွေ တိမ်ကောပြီး သောက်ရေသုံးရေ ရှားပါးလာတဲ့ ပြဿနာ၊ မီးခဏခဏ ပျက်လွန်းလို့ နေ့တဓူဝ အိမ်မှုကိစ္စကနေ လုပ်ငန်းခွင်အသီးသီးအထိ လည်ပတ်စရိတ် ကြီးမြင့်ကုန်တာ၊ကောင်းကောင်း မလည်ပတ်နိုင်တာ။ ဗမာပြည်သူတွေ နေ့စဉ်ရင်ဆိုင်နေရတဲ့ လူ့ငရဲ တစိတ်တပိုင်းကို အကြမ်းဖျင်း ချရေးလိုက်ခြင်းပဲ ဖြစ်ပါတယ်။

သရောကြီးခိုင်းမယ့် နှစ်လို့ ကင်ပွန်းတပ်လိုက်ရပေမယ့် အဖိနှိပ်ခံ လူထုအဖို့ ငတ်မွတ်ခေါင်းပါးခြင်း ကပ်တမျိုးကိုသာ ရင်ဆိုင်နေရခြင်း မဟုတ်ပေ။ စီးပွားရေး၊ စစ်ရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အနုပညာနဲ့ ကိုယ်ကျင့်တရား အစရှိတဲ့ ဖက်ပေါင်းစုံ ကပ်သင့်နေတဲ့ ကာလကြီးကို ရင်ဆိုင်နေရခြင်း ဖြစ်တယ်။ ချုပ်ပြောရရင် အရင်းရှင်စနစ် ‘***existential crisis***’ ဖြစ်နေသောကာလကြီးပဲ။ အရင်းရှင်စနစ် ပုံမှန် ဖြစ်နေကျ ‘episodic’ အကျပ်အတည်းမျိုး မဟုတ်ဘူး။ ဒါ့ကြောင့် အရင်းရှင်စနစ်ဟာ လူသားမျိုးနွယ်ရဲ့ ‘civilization’ တခုလုံးကို ခြိမ်းခြောက်လျက်ရှိတယ်။ ဒီကနေ့ လူ့အဖွဲ့အစည်းဟာ စီးပွားပျက်ကပ်သာမက သဘာဝပတ်ဝန်းကျင် ကပ်ဘေးကြီးကိုပါ ရင်ဆိုင်နေရတယ်။

အရင်းရှင်စနစ် ပျက်ကပ်လို့ ဆိုလိုက်ရင် ဗမာပြည်နဲ့ မဆိုင်ဘူးလို့ ထင်တတ်ကြတယ်။ ဆိုင်သမှ သိပ်ကိုဆိုင်ပါတယ်။ အရင်းရှင်စနစ်ရဲ့ ‘existential crisis’ ဟာ ဗိုလ်မင်းအောင်လှိုင် ခေါင်းဆောင်သော စစ်အာဏာရှင် အစိုးရရဲ့ သေရေး ရှင်ရေး အကျပ်အတည်းအဖြစ် ထွက်ပေါ်နေ

ခြင်း ဖြစ်တယ်။

သေပန်းပွင့်နေတဲ့ အရင်းရှင်စနစ်ဟာ အကျပ်အတည်းထဲက ရုန်းမထွက်နိုင်သလို ဗိုလ်မင်းအောင်လှိုင် စစ်အုပ်စုလဲ လှုပ်လေမြုပ်လေ ဖြစ်နေပါပြီ။ ဒါပေမယ့် တွင်းဆုံးထိ မိုက်ဦးမယ့် စစ်အာဏာရှင် ဗိုလ်ချုပ်ကြီးတွေဟာ လူငယ် လူရွယ်တွေကို အဓမ္မ စစ်ထဲဆွဲသွင်းပြီး အသေခံခိုင်းဖို့ စစ်မှုမထမ်းမနေရ 'ဥပဒေ'ကို အသက်သွင်းလာတယ်။ ဒါဟာ ကပ်ပေါင်းစုံသင့်နေတဲ့ အဖိနှိပ်ခံလူထုကြီးကို အငှားဗိုက်နဲ့ ဓားအထိုးခံခိုင်းလိုက်ခြင်းပဲ။ ဒီလိုနည်းနဲ့ သူတို့ သက်ဆိုးရှည်နိုင်မယ် ထင်နေသေးရင် မှားလိမ့်မယ်။ ဒါသာ 'နောက်ဆုံး ကောက်ရိုးတမျှင်' ဖြစ်သွားခဲ့ရင် အရင်းရှင် စစ်အာဏာရှင်စနစ် တခုလုံးကို မီးလောင်ပြာချပစ်မယ့် လူထုအုံကြွမှုကြီး ထွက်ပေါ်လာနိုင်ပါတယ်။

## အုပ်စိုးသူတွေကြားက အကွဲအပြဲ

သမိုင်းတလျှောက် ဖြစ်ပေါ်ခဲ့တဲ့ တော်လှန်ရေးတွေကို ကြည့်လိုက်ရင် ထိပ်ပိုင်းမှာ စခဲ့တာချည်းပဲ။ အထက်တန်းစားတွေက စတင် တော်လှန်ခဲ့တယ်လို့ ဆိုလိုခြင်း မဟုတ်ပေ။ ထိပ်ပိုင်း အုပ်စိုးသူတွေကြား အက်ကွဲမှုတွေကနေ အစပြုခြင်းလို့ ဆိုလိုပါတယ်။ အုပ်စိုးသူလူတန်းစားအနေနဲ့ အပြောင်းအလဲ တစုံတရာ မလုပ်ဘဲ သူတို့ရဲ့ အုပ်စိုးမှုကို ဆက်ထိန်းထားဖို့ မဖြစ်နိုင်တော့တဲ့အခါ၊ အုပ်စိုးခံ လူထုကြီးကလဲ အရင်လို ဆက်မနေနိုင်တော့တဲ့အခါ၊ ထိပ်ပိုင်း အုပ်စိုးသူတွေကြား ထွက်ပေါ်လာတဲ့ အက်ကွဲမှုတွေကနေ လူထုရဲ့ မကျေနပ်ချက်၊ နာကျည်းချက်တွေ အုံကြွ ပေါက်ကွဲသွားလေ့ရှိတယ်။ တော်လှန်ရေးတရပ် ထွက်ပေါ်လာဖို့ လိုအပ်တဲ့ ပကတိဘာဝ အခြေအနေတွေကို လီနင်က ***The Collapse of the Second International*** မှာ ပထမဆုံးအကြိမ် ရှင်းလင်းရေးသားခဲ့တယ် -

*(1)When it is impossible for the ruling classes to maintain their rule without any change; when there is a crisis, in one form or another, among the 'upper classes', a crisis in the policy of the ruling class, leading to a fissure through which the discontent and indignation of the oppressed classes burst forth. For a revolution to take place, it is usually insufficient for "the lower classes not to want" to live in the old way; it is also necessary that "the upper classes should be unable" to live in the old way; (2) when the suffering and want of the oppressed classes have grown more acute than usual; (3) when, as a consequence of the above causes, there is a considerable increase in the activity of the masses, who uncomplainingly allow themselves to be robbed in "peace time", but, in turbulent times, are drawn both by all the circumstances of the crisis and by the "upper classes" themselves into independent historical action.* ***(LCW, VOL. 21, P.213-214)***

အဲဒီလို ပကတိဘာဝ အခြေအနေ သုံးရပ်ကို ရှင်းလင်းပြီးတဲ့နောက် လီနင်က ဆက်ပြောပါတယ်။

*ဒီပကတိဘာဝ အခြေအနေ ပြောင်းလဲမှုတွေဟာ လူပုဂ္ဂိုလ်၊ အစုအဖွဲ့၊ ပါတီတွေသာမက လူတန်းစားတွေရဲ့ စိတ်ဆန္ဒအပေါ် မှီခိုနေခြင်းမရှိဘူး၊ အဲဒီလို ပကတိဘာဝ အခြေအနေတွေသာ မရှိဘူးဆိုရင် တော်လှန်ရေးတရပ် မဖြစ်နိုင်ဘူးလို့ ယေဘုယျပြောနိုင်တယ်။ ဒီလို ပကတိဘာဝ အခြေအနေ အပြောင်းအလဲတွေကို စုပေါင်းပြီး တော်လှန်ရေး ဖြစ်ပေါ်နိုင်သော အခြေအနေတရပ်လို့ ခေါ်တယ်။ ၁၉၀၅ ရုရှားမှာ အဲသလို အခြေအနေ ရှိခဲ့တယ်၊ တော်လှန်ရေးလဲ တကယ်ဖြစ်ခဲ့တယ်။ ဒါပေမယ့် တခြားနေရာတွေမှာ အဲသလို အခြေအနေရှိခဲ့ပေမယ့်*

*တော်လှန်ရေး မဖြစ်ခဲ့တဲ့ နမူနာတွေလဲ ရှိတယ်။ ဥပမာ၊ ၁၈၆၀ ခုနှစ်များက ဂျာမနီ၊ ၁၈၅၉-၆၁ ကာလနဲ့ ၁၈၇၉-၈၀ ခုနှစ်များက ရုရှား။ ဘာ့ကြောင့်လဲ။ တော်လှန်ရေး ဖြစ်ပေါ်နိုင်သော အခြေအနေတိုင်းက တော်လှန်ရေး တရပ်ကို သေချာပေါက် မွေးဖွားမပေးနိုင်လို့ပဲ။ အကြောင်းက အထက်မှာ ဖော်ပြခဲ့တဲ့ ပကတိဘာဝ အပြောင်းအလဲတွေနဲ့အတူ အတ္တဘာဝ အပြောင်းအလဲ လိုက်လာမှသာ တော်လှန်ရေး တရပ် ထွက်ပေါ်နိုင်လို့ပဲ။ ဆိုလိုတာက တော်လှန်သော လူတန်းစားမှာ တော်လှန်ရေး လူထု လှုပ်ရှားမှု ဖော်ဆောင်နိုင်စွမ်း ရှိဖို့လိုအပ်တယ်၊ အစိုးရအဟောင်းကို ဖြိုခွဲပစ်နိုင်လောက်တဲ့အထိ ပြင်းထန်ဖို့လဲ လိုအပ်တယ်။ အစိုးရအဟောင်းတို့မည်သည် ဘယ့်လောက်ပဲ အကျပ်ဆိုက်နေပါစေ ဖြိုမချဘူးဆိုရင် သူ့အလိုလို ပြိုကျလေ့မရှိ။ (LCW, VOL. 21, P.215)*

စစ်ရေး ရှုံးနိမ့်မှုတွေ တောက်လျှောက်ကြုံလာရတဲ့ စစ်အုပ်စုအတွင်း အကွဲအပြဲတွေ ရှိနေတာ အထင်အရှားပဲ ။ သူတို့မွေးထားတဲ့ BGF တွေကိုယ်တိုင် သူတို့ကို စွန့်ခွာကုန်ကြပြီ။ စစ်တပ်အတွင်း ပုန်ကန်မှုကြီးတွေ မမြင်ရသေးပေမယ့် တပ်ရင်းလိုက် လက်နက်ချတာ၊ ရာနဲ့ချီ ထွက်ပြေးကုန်တာတွေ ခပ်စိပ်စိပ် ဖြစ်လာခဲ့တယ်။ အုပ်စိုးသူများအနေနဲ့ သူတို့စစ်တပ်တခုလုံး ပြိုကွဲသွားမလား ပူပန်နေရပြီ။ ဒါ့ကြောင့်လဲ အရပ်သား လူငယ်တွေကို စစ်တပ်ထဲ အတင်းအဓမ္မ ဆွဲသွင်းဖို့ လုပ်လာတာပဲ။ ဒီအခြေအနေမှာ military clique အတွင်း အက်ကြောင်းတွေ ပေါ်လာတယ် ၊ သစ္စာမခံလောက်ဘူးထင်ရင် ဗိုလ်သန်းရွှေ ဂိုဏ်းက ဗိုလ်ခင်ညွှန့် ဂိုဏ်းကို အပြတ်ရှင်းခဲ့သလို ရှင်းမှာပဲ။ အခုလဲ အဲသလို လုပ်နေပြီလို့ ယူဆစရာ အမှုအခင်းတွေ တခုပြီးတခု တွေ့လာရတယ်။

အဖိနှိပ်ခံ လူတန်းစားတွေ ခံစားနေရတဲ့ ဒုက္ခဆင်းရဲ အပေါင်း အရင်ကထက် အဆပေါင်းများစွာ သိပ်သည်း ပြင်းထန်လာတာကိုတော့ အထူးရေးပြနေဖို့ပင် မလိုချေ။ အာဏာသိမ်း စစ်တပ်ကြောင့် ခံစားရတဲ့ ဒုက္ခတွေနဲ့တင် မလုံလောက်သေးဘူး ထင်လို့လား မသိပေ၊ အန်ယူဂျီ လက်အောက်ခံ 'ပကဖ၊ ပအဖ၊ ပလဖ'တွေကလဲ ထပ်ဆင့် ဒုက္ခပေးလိုက်သေးရဲ့။ အကျိုးဆက်အနေနဲ့ လူထုကိုယ်တိုင် သမိုင်းဝင် လှုပ်ရှားမှုထဲ အားပြည့်အင်ပြည့် ပါဝင်လှုပ်ရှားဖို့ ဖြစ်လာတယ်။ သာမန်ကြည့်ရင် အန်ယူဂျီ ဘာလုပ်လုပ် ပြည်သူအများက မျက်စိမှိတ် ထောက်ခံနေတယ်လို့ ထင်ရတယ်။ သို့သော် ဘယ်အရာမဆို အကန့်အသတ်ရှိပါတယ်။

စစ်ကိုင်းတိုင်းအတွင်းက အန်ယူဂျီ ထိန်းချုပ်ထားတဲ့ မော်လူး တိုက်နယ်ဒေသမှာ ဒေသခံ ပြည်သူအများက အန်ယူဂျီ လက်အောက်ခံ 'ပကဖ၊ ပအဖ၊ ပလဖ'တွေရဲ့ လုပ်ရပ်ကို မကျေနပ်လို့ ဆန္ဒကျင်တိုက်ပွဲဝင်နေကြတယ်။ ဒီတနေရာထဲ မဟုတ်ပါဘူး။ ကျန်တဲ့ဒေသအသီးသီးမှာလဲ အောက်ခြေ ပြည်သူအများက အန်ယူဂျီ လက်အောက်ခံ အဖွဲ့အစည်းတွေရဲ့ လုပ်ရပ်ကို တိုးတိုးတမျိုး ကျယ်ကျယ်တဖုံ ဝေဖန်နေကြတာပဲ။ ဒီအသံတွေကို 'silence' လုပ်ဖို့ ဘယ်လိုပဲကြိုးစားကြိုးစား မပြတ်ကြားနေရပါတယ်။

## တော်လှန်သော လူတန်းစား

ဒီနေရာမှာ လီနင် ပြောတဲ့ *တော်လှန်သော လူတန်းစား* ဆိုတာ အလုပ်သမား လူတန်းစားကို ရည်ညွှန်းခြင်း ဖြစ်တယ်။ အလုပ်သမား လူတန်းစားကသာ ဒီကနေ့ တော်လှန်ရေးရဲ့ ဦးဆောင် လူတန်းစား ဖြစ်ကြောင်း ၂၀၂၁ လူထု အုံကြွမှုကြီးက သက်သေပြခဲ့ပြီးပါပြီ။ ဒီလိုပဲ၊ လယ်သမား လူတန်းစားဟာလဲ အလုပ်သမား လူတန်းစားရဲ့ မဟာမိတ်ဖြစ်ကြောင်း အထင်အရှား မြင်တွေ့ခဲ့ရပြီးပြီ။ တချိန်တည်းမှာပဲ၊ အလုပ်သမား လူတန်းစားက ခေါင်းဆောင်မှုနေရာ မယူနိုင်ဘူးဆိုရင် လယ်သမားထုဟာ လစ်ဘရယ် ဘူဇွာ ခေါင်းဆောင်မှုအောက် ကျရောက်သွားတတ်ကြောင်းကိုလဲ လက်တွေ့ရှုကြည့်နိုင်ပါတယ်။ အန်ယူ

ဂျီ ခေါင်းဆောင်သော လစ်ဘရယ် ဘူဇွာတွေဟာ ခေါင်းဆောင်မှုနေရာ ရထားသော်လဲ လယ်သမားထု လွတ်မြောက်ရေးကို ဘယ်တော့မှ စွမ်းဆောင်နိုင်မှာ မဟုတ်ဘူး၊ လယ်သမားထုအပေါ် ကြီးလေးတဲ့ ဝန်ထုပ်တွေ ထပ်ဆင့်တင်ပေးနေမယ်၊ ဒီအချက်ကိုလဲ ကောင်းကောင်း တွေ့ခဲ့ရပြီ။

လစ်ဘရယ် ဘူဇွာတွေလို့ ပြောတဲ့အခါ အန်ယူဂျီ တခုတည်းကိုပဲ ရည်ညွှန်းခြင်း မဟုတ်ပေ။ အန်ယူဂျီကို မွေးဖွားပေးလိုက်တယ်လို့ ဆိုကြတဲ့ အန်ယူစီစီလဲ အတူတူပဲ။ အန်ယူစီစီရဲ့ ညီလာခံဆိုတာ လစ်ဘရယ်တွေ စကားငြင်းခုံ လုပ်ရာ ‘talking shop’ သာ ဖြစ်နေကြောင်း အခုနောက်ဆုံး ‘ပြည်သူ့ညီလာခံ’ကို ကြည့်ရင် သိနိုင်တယ်။

အာဏာသိမ်း စစ်တပ်၊ စစ်အစိုးရဟာ ဖရိုဖရဲနဲ့ အင်အားချိနဲ့လာသလို တဖက်မှာ တော်လှန်ရေး ခေါင်းဆောင်မှုနေရာ ခွထိုင်ထားတဲ့ လစ်ဘရယ် ဘူဇွာတွေရဲ့ အခြေအနေဟာလဲ ထူးမခြားနားလှဘူး။ လစ်ဘရယ် ခေါင်းဆောင်မှုနဲ့ တော်လှန်ရေး မအောင်နိုင်ဘူးဆိုတဲ့ ကောက်ချက်ကို အမှန်အတိုင်း ဆွဲရဲဖို့ အရေးကြီးတယ်။ အန်ယူဂျီဟာ သူ့ကိုယ်သူ အစိုးရအစစ်လို့ ထင်နေတဲ့ ရောဂါရှိတယ်။ လစ်ဘရယ် အုပ်စု၊ လက်ဝဲအုပ်စုထဲက တချို့တလေဟာ အန်ယူဂျီကို ပြုပြင်ပြောင်းလဲလို့ ရဦးမယ် ထင်နေကြတယ်။ စိတ်ကူးမယဉ်ပါနဲ့လို့ပဲ ပြောချင်တယ်။ အန်ယူဂျီဟာ အစိုးရ မဟုတ်သလို၊ တော်လှန်ရေး လုပ်နေတာလဲ မဟုတ်ပါဘူး။ နိုင်ငံရေး နေရာမပျောက်အောင် တော်လှန်ရေး နာမည်နဲ့ အချောင်သမားလမ်းစဉ် ကျင့်သုံးနေခြင်း ဖြစ်တယ်။ဒီလို အုပ်စုတွေ ခေါင်းဆောင်မှုနေရာ ရထားသရွေ့ တော်လှန်ရေး တခုလုံးအတွက် အန္တရာယ်ရှိပါတယ်။

ရန်သူ့စစ်တပ်အတွင်း ဖရိုဖရဲဖြစ်နေတာကိုပဲ မြင်ပြီး လစ်ဘရယ် ဘူဇွာတွေရဲ့ ‘reactionary role’ ကို မမြင်ရင် အန္တရာယ်များပါတယ်။ ဒီလိုမမြင်ကြလို့ပဲ ဒီကနေ့ တော်လှန်ရေးရဲ့ အရေးအကြီးဆုံး ခေါင်းဆောင် လူမှု အင်အားစုဖြစ်တဲ့ အလုပ်သမား လူတန်းစားကို မေ့ထားကြပြီး လစ်ဘရယ် ဘူဇွာ အစုအဖွဲ့မျိုးစုံကို ဗဟိုပြုထားတဲ့ နိုင်ငံရေး ရေစီးကြောင်း အားကောင်းနေတယ်။ တော်လှန်ရေးလို့ ဆိုလိုက်ရင် လက်နက်ကိုင် အစုအဖွဲ့ အသီးသီးရဲ့ စစ်ရေးကိစ္စလို့ မြင်ကုန်တဲ့အထိပဲ။

စဉ်းစားကြည့်ပါ၊ အာဏာသိမ်း စစ်တပ်ဟာ နိုင်ငံတဝှမ်း ပြန့်ကျဲနေတယ်။ စစ်တပ်ထဲက ဂျိုကျိုးနရှက်ပွဲလောက်ပဲ မြို့ပြမှာ ကျန်ခဲ့တယ်။ ရှေ့တန်းက မပြန်ရတဲ့ စစ်သားတွေဟာလဲ ခြေကုန်လက်ပန်းကျနေပြီ။ ဘီလျံနာ စစ်ဗိုလ်ချုပ်တွေအတွက် အကျိုးမဲ့ မသေချင်တော့ဘူး။ စိတ်ဓာတ်ကျဆင်းနေတာ ထင်ရှားတယ်။ ဒါ့ကြောင့် ပြူစောထီးတွေ သူတို့မွေးရတယ်။ မဘသ အုပ်စုနဲ့ လူမျိုးရေး အဓိကရုဏ်း မီးတွေ လိုက်မွှေးတယ်။ မထိရောက်ဘူး။ *ဒီလိုအခြေအနေမှာ အလုပ်သမား လူတန်းစား ခေါင်းဆောင်တဲ့ အထွေထွေ သပိတ်ကြီး၊ လူထု အုံကြွမှုကြီး ဖြစ်လာမယ်ဆိုရင် စစ်အာဏာရှင်စနစ်တခုလုံး ပြိုလဲသွားလိမ့်မယ်။*

ဒီလို ဖြစ်လာဖို့ ပကတိဘာဝ အကြောင်းအချက်တွေ ရှိနေပြီးသားပဲ။ ဒါပေမယ့် သူ့အလိုလို ‘spontaneous’ ပေါက်ကွဲမှုကိုပဲ အားကိုးနေလို့ မရဘူး။ အလုပ်သမား လူတန်းစားကို ‘organized’ လုပ်ထားနိုင်ဖို့ အရေးကြီးတယ် ။ တော်လှန်ရေး ပရိုဂရမ်နဲ့ ပေါင်းစပ်ပေးနိုင်ဖို့ အရေးကြီးတယ်။ ဒီနေရာမှာ တော်လှန်ရေး ပါတီရဲ့ အခန်းကဏ္ဍ ဝင်လာတာပဲ။ အဲသလို သမိုင်း တာဝန် ထမ်းဆောင်မယ့် တော်လှန်ရေး ပါတီတရပ်ဟာ လစ်ဘရယ် ဘူဇွာတွေကို ပြုပြင်ပြောင်းလဲယူလို့ ရလာနိုး စိတ်ကူးယဉ်နေသူတွေ မဖြစ်ရဘူး။ အလုပ်သမား လူတန်းစားရဲ့ ရှေ့တန်းအရောက်ဆုံး အစိတ်အပိုင်းတွေနဲ့ ဖွဲ့စည်းထားရမယ်၊ အဲဒီလို ‘advanced layer’ ကနေတဆင့် ပိုပြီး ကျယ်ပြန့်တဲ့ အလုပ်သမားထုကြား အမြစ်တွယ်သွားရမယ်။

ဒါ့ကြောင့် ကျွန်ုပ်တို့ရဲ့ လတ်တလော ဦးစားပေး အလုပ်ဟာ လူထု တရပ်လုံး စည်းရုံးရေး မဟုတ်သေးဘူး။

‘Ultra-left Sectarian’ တွေဟာ လူထု စည်းရုံးရေး လုပ်ရမယ်လို့ ကုန်းအော်လေ့ရှိတယ်။ သို့သော် လူဆယ်ဂဏန်း၊ ရာဂဏန်း အစုအဖွဲ့တခုကိုတောင် သူတို့ စနစ်တကျ မတည်ဆောက်နိုင်ဘူး။ ဝ မရှိဘဲ ဝိ လုပ်ချင်လို့မရဘူး။ ကိုယ်အော်နိုင်တဲ့ အတိုင်းအတာထက် ပိုအော်နေရင် အသံအိုး ကွဲသွားတာပဲ ရှိလိမ့်မယ်။ လူထုက ‘small group’ တွေကို မသိပါဘူး။ လူထုကြား အမှန်တကယ် ‘intervention’ ဝင်နိုင်ဖို့ဆိုရင် ကိုယ့်မှာ မြင်သာထင်သာရှိတဲ့ အင်အားတခု တည်ဆောက်ထားနိုင်ဖို့ အရေးကြီးတယ်။ အဲဒီအခြေအနေရောက်အောင် တည်ဆောက်ဖို့ မကြိုးစားဘဲ လူထုကြား တော်လှန်ရေး စလိုဂန်တွေ လိုက်အော်နေရုံနဲ့ လူထုကို စည်းရုံးလို့ ရမယ်ဆိုရင် တော်လှန်ရေး လုပ်ရတာ တော်တော် လွယ်မှာပဲ။ သူတို့ထင်သလို ဖြစ်မလာတဲ့အခါ အလုပ်သမား လူတန်းစားကို စိတ်မရှည် ဖြစ်လာမယ်၊ စိတ်ဓာတ်ပျက်ပြားသွားမယ်။ ဒါမှမဟုတ်ရင်လဲ ဖြတ်လမ်းနည်းတွေနောက် လိုက်ကုန်တယ်။

ဒီလို မဖြစ်ဖို့ဆိုရင် အလုပ်သမား လူတန်းစားနဲ့ လူငယ်ထုကြားက လူတန်းစား အသိစိတ် အစူးရှဆုံး၊ ရှေ့တန်းအရောက်ဆုံး အစိတ်အပိုင်းတွေကို အရင်ဆုံး ရှာဖွေစုစည်းရမယ်။ အဲဒီ ‘advanced layer’ ကို မာ့(က်စ်)ဝါဒသီအိုရီ အုတ်မြစ်ပေါ် အခြေတည်ထားတဲ့ ကေဒါ အဖွဲ့အစည်းတခု ဖြစ်လာအောင် တည်ဆောက်ရမယ်။ ရာဂဏန်းကနေ၊ ထောင်ဂဏန်း အင်အားရှိတဲ့အထိ အရင်လုပ်ရလိမ့်မယ်။ ထောင်ဂဏန်းကနေ သောင်းဂဏန်း။ ဒီလို ပြင်ဆင်တည်ဆောက်ထားမှသာ သန်းနဲ့ချီတဲ့ အလုပ်သမားထုကြား ဝင်ရောက်လှုပ်ရှားနိုင်လိမ့်မယ်။ ‘ကိုယ်စိုက်ခဲ့သမျှ ကိုယ်ရိတ်သိမ်းရတယ်’လို့ ဆိုရိုးရှိတယ်။ တနည်းဆိုရရင် ‘ကိုယ်မစိုက်ခဲ့ဘဲ ရိတ်သိမ်းချင်လို့ မဖြစ်နိုင်ဘူး’။

သမိုင်းဟာ အရှိန်ဟုန်ပြင်းပြင်း ခုတ်မောင်းလျက်ရှိတယ်။ ဒါ့ကြောင့် ‘sense of proportion’ ရှိဖို့ အရေးကြီးသလို ‘sense of urgency’ ရှိဖို့လဲ အရေးကြီးကြောင်း။

- Build a Marxist Cadre Organization!
- Fight for the Socialist Revolution!
- Down with the Military Dictatorship!
- Socialism or Barbarism!

စာပြီးရက်စွဲ (၁၃.၄.၂၀၂၄)

**အယ်ဒီတာ့အာဘော်**

The Struggle



# Burmese junta caught between a rock and a hard place

It has been over two months since the Northern Alliance – which is made up of armed ethnic organisations, as well as the armed wing of the Burmese Communist Party – launched 'Operation 1027' in northern Shan State in Burma. Other resistance forces have also attacked junta bases in the states of Karenni, Rakhine, Chin, Karen, Sagaing Region and Bago Region. As events are unfolding rapidly in Burma, this article can only provide the latest verifiable information. However, all signs point towards one clear outcome: the end of General Min Aung Hliang's government.

## The Junta's battered troops

Since 27 October when Operation 1027 was launched in northern Shan State by the Northern Alliance, the military regime has lost control of more than 300 military outposts and 20 towns across three states and two regions.

Significantly, the most important border trade hubs in Muse and Chin Shwe Haw – trade towns along China-Burma border in northern Shan State – also fell to the Northern Alliance forces, almost halting the trade with China on which Burma is economically dependent. In January, the alliance took over Lauk Kai/Old Street, the capital city of the ethnically Chinese Kokang self-administration zone, in Shan State. Beyond northern Shan State, the resistance forces have seized the junta's military outposts in Rakhine,

Karenni and Karen states and now control several towns in Chin land and Sagaing Region. Adding insult to injury, Light Infantry Battalions 129 and 125 surrendered to the forces of the Northern Alliance en masse. This has exposed the lack of fighting spirit among the rank and file of the junta's forces who are demoralised, realising that they gain nothing by sacrificing their own lives for this rotten regime. It is a well known fact that corruption is rampant in the ranks of the ruling military.

The biggest defeat for the junta so far has been the surrender to the MNDAA of Laukkai – the capital of northern Shan State's Kokang Self-Administered Zone – despite the presence of several battalions in that region. Min Aung Hlaing's regime responded to this failure by punishing the six brigadier generals in charge of those troops.

In retaliation, the junta has increasingly used such brutal measures as airstrikes and shelling, which have targeted schools, hospitals, villages and towns that have come under the control of the resistance forces.

"Even if you can militarily seize towns and villages in ethnic areas, your regions will never be peaceful. We will always carry out air raids using the sophisticated weapons we have," the junta's National Solidarity and Peace Negotiation Committee (NSPNC) secretary Lieutenant General Min Naing was quoted as saying in negotiations with the TNLA that subsequently broke down.

Facing attacks from all sides and significant losses, the junta's troops appear to be exhausted and thinly stretched across the country. The coup regime has been unable to provide sufficient and timely military reinforcements. The use of indiscriminate shelling and air strikes show their desperation. Even this cruel method amounting to 'war crimes' has its limitations: the regime cannot afford sufficient jet fuel in the long run, and in the last month the ethnic



Facing attacks from all sides and significant losses, the junta's troops appear to be exhausted and thinly stretched across the country / Image: public domain

armed groups have shown that they are capable of striking down the junta's war planes.

As we explained in a previous article, the timing of this operation has fallen precisely at a time when China's interests have come into conflict with those of Min Aung Hlaing's regime. Min Aung Hlaing, the coup leader, has admitted to suffering defeats, and gave his 'explanations' at an emergency meeting of the National Defense and Security Council on 8 November. He explained that the junta's bases in northern Shan State were being bombed mainly using Chinese-manufactured drones that can

easily be bought on the market. In other words, the coup leader was trying to please Beijing by indirectly indicating that he thought China was not, in fact, providing material assistance to the resistance forces.

But, three weeks later, at the State Administration Council (SAC) meeting on 29 November, Min Aung Hlaing changed his tone. Via state media, he said that the Northern alliance forces had been using "military-grade drones with advanced technology using superior forces". The junta's chief also railed against "outside intervention" saying, "6,500 foreign drone experts had been involved" in these attacks on the military bases in northern Shan State along the border with China. Although he did not mention the foreign country in question, everyone knows who he is referring to when talking about "foreign intervention".

It was no accident that in the third week of November, Bamar Buddhist ultranationalists staged anti-Chinese protests in front of the Chinese embassy and Yangon City Hall, without any interruption of police forces. Indeed, these rallies took place with their protection, a striking fact when we consider the junta's killings conducted against peaceful protests of dissident youth.

But these tactics utterly failed. Even with state sponsorship, the hated military regime is proving unable to organise a sizable nationalist movement.

## Min Aung Hlaing's clique begs for China's mediation

Against the backdrop of a series of defeats on the battlefield and catastrophic economic conditions, it did not take the junta long to understand the reality. The regime was compelled to beg for Beijing to broker peace talks with the Northern Alliance forces. According to The Irrawaddy, when the junta's foreign minister, Than Swe, met with his Chinese counterpart Wang Yi in Beijing on 6 December, he delivered the message that the junta boss Min Aung Hlaing is ready to make concessions.

It is also clear that the Northern Alliance was forced to the negotiation table under the pressure of Beijing, the latter being eager for the situation to calm and for business to resume. But it is very much doubtful that the military regime is ready to give concessions to the alliance forces. The rebels will also be very suspicious of the junta's manoeuvres. Amid the news of peace talks with "positive results", armed clashes have been intensifying.

It is unlikely that China will directly intervene or openly provide massive material support to the rebel groups to oust the military regime. But Beijing, facing growing class struggle at home, is not going to throw its backing behind the Min Aung Hlaing clique, which has only exacerbated the instabilities along its borders.

## Illusions in the tactic of armed struggle

Since the recent operation began, illusions in armed struggle have once again been strengthened. Both passive spectators and participants in it concluded that a chain of military victories would eventually overthrow the military dictatorship. In their view, this is what it means to 'make a revolution' to liberate the people under the rule of military dictatorship.

But rather than seeing the masses stepping in to take charge of their own lives, we have seen a mass exodus of more than two million internally displaced people and thousands of refugees fleeing across the border. Without a revolutionary mass movement, military means alone cannot achieve revolutionary tasks. At best, it could achieve a change in government without unleashing the social transformation needed to end capitalism, which is fundamentally at the root of all of Myanmar's crises.


Without a revolutionary mass movement, military means alone cannot achieve revolutionary tasks / Image: Mil.ru, Wikimedia Commons

While the resistance forces might score further victories, the junta could still use air power to destroy the towns under the control of rebel groups. With the employment of the 'three alls' policy (loot all, burn all, kill all) and 'four cuts' tactics (cut food and supplies, money, communications, and popular support via repression), the ruling military converted the towns they lost into unlivable deserts.

Further, while the alliance behind Operation 1027 appears united for the moment, it is a highly heterogeneous grouping. For the most part, the major forces in this camp are only interested in gaining fuller control over the territories they are based in, and are largely indifferent to the goings-on in the major cities where the economic levers of Myanmar are to be found. When the masses came out in a revolutionary movement against Min Aung Hliang's coup in 2021, many of the militias in the present Operation 1027 alliance were at best passive and even suspicious of the mass movement.

Most of these militias are deeply familiar with the mountainous border regions they are based in. But this tactical advantage cannot be replicated when it comes to the flatlands containing the big cities like Mandalay and Yangonin. In these surroundings, the junta's air superiority, alongside the hundreds of tanks they are estimated to have in reserve, will prove even more deadly and effective.

The unfolding events will ultimately be constrained within the limitations of the armed struggles of the various militias, which are independent of and separate from the mass movements of the urban working class.

It is also important to note here that Chinese imperialism is no friend of the revolution. It will take

advantage of the armed conflict in its own interests. For its part, Beijing wants a stable regime that will guarantee its imperialist projects in Burma.

## Economic disaster

The Min Aung Hlaing junta has not only lost control of the important military bases and key trade hubs along Burma's borders: he has also lost control of the economic situation.

Facing a slump in revenues and a high risk of foreign reserves being dried up, the junta has exercised tight control of foreign trade. The central bank intervened to force exporters to exchange at first 100 percent, and later 65 percent of their trade values at the official fixed rate, which is nearly one third lower than the market rate. In return, the central bank sold dollars to the importers at a preferential rate. In this way, the regime tried to control the worsening economic situation and prevent an absolute shortage of imported goods.

The rebels have taken key economic hubs from the regime. The most important Thai-Burma border trade zone has been paralyzed as the Myawaddy-Kawkareik main road is now under the control of the KNU/KNLA (Karen National Liberation Army). According to official statistics, there has been a $613.1 million USD decrease in imports compared with previous year's figure.

Similarly, the most important trade zones along the China-Burma border are also now in the hands of the Northern Alliance forces, affecting Myanmar's most important trading relationship, which accounts for $2.4 billion USD in value.

If we translate these developments into real terms, it paints a vivid picture, reflecting a high cost of transportation; as well as scarcity and skyrocketing prices on imported goods.

The regime cannot maintain this situation any longer. They have had to introduce a floating dollar and exporters will have to exchange just 50 percent of trade values at the official rate. Importers will need to buy dollars at the floating rate in the markets.

This has immediately resulted in shortages of oil and gas, with skyrocketing prices and scenes of long queues. With the further depreciation of the Kyat, price hikes have become generalised for all commodities but one: labour power i.e. wages. We can expect shortages of essential drugs and other important imported goods in the coming months.


The Min Aung Hlaing junta has also lost control of the economic situation / Image: Ministry of Defence (GODL-India), Wikimedia Commons

At the moment, some garment factories in Yangon industrial zones are being forced to halt due to power outages and a lack of diesel. Starvation and

unemployment will become intolerable for the working class.

Deep economic crisis and civil war are constantly undermining the very foundations of the military regime. They have reached a blind alley and can find no way out. These objective conditions are exactly the combustible materials that could break out into a blaze sooner or later.

## The role of the liberals and perspectives for the regime

The course of the civil war is inspiring renewed confidence and bravery among the masses in the cities. While no mass movement has yet materialised, the junta regime (or at least a section within it) must see that this is a real perspective in the near future should they continue to lose ground. If they lack such foresight, then the Chinese regime certainly does not.

With the Min Aung Hliang clique currently remaining entrenched, we cannot rule out that renewed hope may spring among the masses for the liberals, with Aung San Suu Kyi (ASSK) at their head. They could regain a certain base of support.

Yet the liberals, who operate the so-called National Unity Government (NUG), have fundamentally the same bourgeois class interests as the junta, even down to agreement on Myanmar's alignment with Chinese imperialism. Their primary difference lies in the Junta's narrow fear of losing its privileges and potentially seeing its members prosecuted for their crimes against the masses, even though ASSK herself has co-governed the country with the Junta in the past.

Given the revolutionary fervour that is brewing in the context of recent events, the top leaders at the very least, like Min Aung Hlaing, can be expected to remain stubborn. However, there could be other layers in the military who would be willing to work with the liberals in co-governing the country again.

Marxists however must maintain that for the workers and youth of Myanmar, the liberals are no alternative. By their very nature, the bourgeoisie that the liberals represent are a supine and ineffective opposition to the military strongmen. They fear the working class far more than the Junta. When called upon, they can be no less brutal than the military.


We cannot rule out that renewed hope may spring among the masses for the liberals, with Aung San Suu Kyi (ASSK) at their head / Image: Prime Minister's Office (GODL-India), Wikimedia Commons

We can see this in action. Currently, the so-called NUG is attempting to act like a real government on the ground. When the ethnic rebel forces seized town after town, their People's Defence Forces (PDFs) needed to demonstrate their strength. This

compelled them to seize a district town in the Sagaing region. As in the other towns under the control of resistance forces, local residents were forced to flee their homes.

Yet, no one would say that this district town is of such strategic significance that it must be seized at any price. As a consequence, The Irrawaddy claims that "Sagaing Region has reported the most deaths. Thirty-two civilians were killed and 50 injured in Sagaing Region by junta airstrikes" since November 2023.

Should the NUG somehow return to the government, likely in collaboration with a section of the Junta, they may well be forced to concede certain democratic rights to bolster the illusions of the masses. But the brutality of the Junta regime is based on the acute contradictions in Burmese society. As soon as the honeymoon period of a new government is exhausted – which under the pressure of these contradictions would not take long – it would in turn be forced to turn to the same methods of repression and clamp downs.

## The working class: a decisive element

These offensives by the resistance forces have dealt a very hard blow to the ruling military regime. The ruling clique fears its imminent demise. But, the decisive element is not yet on the scene.

The surrender of the Junta's light infantry battalions shows the fault lines in the rotten military, and the possibility of a genuine revolutionary movement cracking it.

But with most so-called 'revolutionaries' expending their energies on the armed struggle, no effort is being put into building a revolutionary mass party on the lines of the Bolshevik Party. Therefore, when the working-class masses rise up, it will take on a spontaneous character that will take these 'revolutionaries' by surprise. This is precisely what happened during the rising against the coup regime in 2021, when the absence of revolutionary leadership allowed the liberals to come to the fore. The danger would be a repetition along these lines.

As Trotsky brilliantly explained in his preface to The History of the Russian Revolution:

*"The masses go into a revolution not with a prepared plan of social reconstruction, but with a sharp feeling that they cannot endure the old regime. Only the guiding layers of a class have a political program, and even this still requires the test of events, and the approval of the masses. The fundamental political process of the revolution thus consists in the gradual comprehension by a class of the problems arising from the social crisis—the active orientation of the masses by a method of successive approximations." "Without a guiding organisation, the energy of the masses would dissipate like steam not enclosed in a piston box. But nevertheless what moves things is not the piston or the box, but the steam."*

The process of successive approximation on the part of the Burmese proletariat is now taking a

further step. The liberals and their supporters, however, will do all they can to ensure that the masses draw the wrong conclusions. Revolutionary communists will continue to advance the correct views that alone can help the working class clearly see its historical role of leading the socialist revolution, and seizing power into its own hands so as to liberate itself and the oppressed masses from endless barbaric crises of capitalism. To achieve that requires the building of a strong revolutionary cadre organisation – is the most important and urgent task of the present.

Thurein Mon




# အလုပ်သမား လူတန်းစား ခေါင်းဆောင်တဲ့ လူထုအုံကြွမှုသာ တော်လှန်ရေးရဲ့ အဆုံးအဖြတ်

လွန်ခဲ့တဲ့လက ‘Burmese Junta Caught between a Rock and a Hard Place’ ဆောင်းပါးကို ရေးခဲ့တယ်။ ဒီအတောအတွင်း အခြေအနေတွေ တဟုန်ထိုး ပြောင်းလဲနေတယ်၊ ဒါပေမယ့် အဲဒီဆောင်းပါးမှာ တင်ပြခဲ့တဲ့ ရှုမြင်သုံးသပ်ချက်တွေက အခုထိ valid ဖြစ်နေတုန်းပဲလို့ ယူဆပါတယ်။

စစ်အာဏာသိမ်း သက်တမ်း ၃ နှစ်ကျော်လာပြီဖြစ်သလို စစ်ခေါင်းဆောင် မင်းအောင်လှိုင်တို့ ကြုံတွေ့နေရတဲ့ အကျပ်အတည်းကလဲ ပိုနက်ရှိုင်းပြင်းထန်လာပါတယ်။ ပုံမှန်အခြေအနေ မဟုတ်ပါဘူးလို့ သူတို့ကိုယ်တိုင် ထပ်တလဲလဲ ပြောနေရတယ်။ ဒါလဲ အမှန်ပဲ။ စစ်အာဏာသိမ်းပြီး ရက်ပိုင်းအတွင်း အကြီးမားဆုံး လူထုတော်လှန်ရေးကြီးကို သူတို့ရင်ဆိုင်ခဲ့ရတယ်။

အခုချိန်မှာ လူထု လှုပ်ရှားမှုကြီး မရှိတော့ပေမယ့် မရှုမလှ စစ်ရှုံးနေတယ်။ ရှေ့မှာလဲ အခြေအနေ တည်ငြိမ်အောင် စွမ်းဆောင်နိုင်မယ့် အလားအလာ မြူတမှုန်မှ မမြင်ရသေးဘူး။ ဒီတော့ အာဏာသိမ်း စစ်ခေါင်းဆောင်တွေ ပြောတဲ့ ပုံမှန်အခြေအနေ မဟုတ်ဘူးဆိုတာ မမှားဘူး။ တခုပဲ ဖြည့်စွက်ပြောစရာရှိတယ်။ အာဏာသိမ်း စစ်ဗိုလ်ချုပ်တွေ လိုလားတဲ့ ပုံမှန် အခြေအနေဆိုတာ ဘယ်တော့မှ မရနိုင်ဘူး။ အလားတူပဲ၊ လစ်ဘရယ် ဘူဇွာတွေ ပြန်တမ်းတနေတဲ့ အာဏာမသိမ်းခင်က ‘ကျပ်မပြည့်တဲ့ ဒီမိုရွှေထီးဆောင်းနေ့ရက်များ’လဲ ဘယ်တော့မှ ပြန်မရောက်နိုင်ဘူး။

## စစ်တပ်အတွင်း ပဋိပက္ခ

အာဏာသိမ်း စစ်တပ်ဟာ ‘blind alley’ ကို ရောက်နေပြီ။ ထွက်ပေါက်လဲ မရှိဘူး။ အာဏာစစ်တပ်အနေနဲ့ ရှမ်းမြောက်မှာ အလူးအလဲ ခံထားရသလို ရခိုင်မှာလဲ အထိနာနေတယ်။ ဒီစစ်ရေးသတင်းတွေ လူအများသိပြီး ဖြစ်လို့ အကျယ်ချဲ့ ရေးမပြတော့ပါ။ စစ်ရေးအကျပ်အတည်း အလွန်ကြီးမားနေမှန်း အလွယ်တကူ မြင်နိုင်ပါတယ်။ နှစ်ပေါင်းများစွာ စနစ်တကျ တည်ဆောက်လာတဲ့ အင်စတီ

ကျူးရှင်းလို့ လစ်ဘရယ်တွေ အထင်ကြီးခဲ့တဲ့ အာဏာသိမ်းစစ်တပ်ဟာ အခုတော့ တပ်ရင်းအလိုက် လက်နက်ချအလင်းဝင်တာမျိုး၊ တသုတ်ပြီးတသုတ် ထွက်ပြေးတာမျိုးဖြစ်လာပြီ။

တိုက်လိုခိုက်လိုစိတ် ယိုယွင်းကျဆင်းလာနေမှန်းအထင်းသား မြင်တွေ့ခဲ့ရပြီ။ ကြေးစားစစ်တပ်ဆိုရင်တောင် အသေခံစစ်တိုက်ဖို့ မောင်းနှင်အား ရှိနိုင်သေးတယ်။ အခု မင်းအောင်လှိုင် စစ်တပ်မှာ အဲသလို မောင်းနှင်အားတောင် မရှိဘူး။ အဓိပ္ပါယ်မဲ့ အသေခံဖို့ စစ်တိုက်နေရသလို ဖြစ်လာတယ်။ နေပြည်တော်က မီလျံနာ/ဘီလျံနာ စစ်ဗိုလ်ချုပ်ကြီးတွေ အာဏာတည်မြဲရေးသက်သက် လူသတ်ပေးနေရတဲ့ အဖြစ်ပဲ။ ဒါဟာ သူတို့စစ်တပ်တွင်း နှစ်ရှည်လများ ကိန်းအောင်းနေတဲ့ အလွန်နက်ရှိုင်းတဲ့ ပဋိပက္ခ ဖြစ်ပါတယ်။

တကယ်တော့ စစ်တပ်ဆိုတာ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းရဲ့ မိတ္တူတချပ်လိုပါပဲ။ သွေးစုပ်ခြယ်လှယ်မှု၊ ဗိုလ်ကျဖိနှိပ်မှုတွေ အမြစ်တွယ်နေသော ‘social relations of property’ တွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ လူ့အဖွဲ့အစည်းမှာ စစ်တပ်လဲ ဘာသားနဲ့ ထုထားတာမို့လဲ။ ‘လူတွေနဲ့ ဖွဲ့စည်းထားတာပေါ့’ လို့ အပေါ်ယံမြင်တယ်ပဲထား။ ဟုတ်ပြီ။ အဲဒီလူတွေဟာ abstract လူ မဟုတ်ဘူး။ သွေးနဲ့သားနဲ့ လူ။ ဒါဆို အသက်နဲ့ကိုယ် အိုးစားမြဲဖို့ စားဝတ်နေရေး အခြေခံ လိုအပ်ချက် ရှိလာပြီ။ ဒီတော့ လူမှုစီးပွားအခြေအနေတွေ၊ လူတန်းစား ဆက်ဆံရေးတွေနဲ့ ကင်းလွတ်နေတဲ့ လူတွေ မဟုတ်တော့ဘူး။

ဒါ့ကြောင့် စစ်တပ်တခုဟာ လူ့အဖွဲ့အစည်းအထက်မှာ သီးခြားရှိနေသယောင် ဘယ်လိုပဲ ပုံဖော်ထားပါစေ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းရဲ့ ‘အထွက်ပစ္စည်း’၊ အဲဒီ လူ့အဖွဲ့အစည်းရဲ့ မိတ္တူ ဖြစ်တယ်။ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းရဲ့ ပဋိပက္ခတွေ အဲဒီစစ်တပ်အတွင်း အပြည့်အဝ ရှိနေရုံမက၊ သိပ်သည်းပြင်းထန်စွာ ကိန်းအောင်းနေတယ်လို့တောင် ဆိုနိုင်တယ်။ ဒါ့ကြောင့်လဲ သမိုင်းမှာ လူထု အုံကြွမှုကြီးတွေ ဖြစ်လာတိုင်း စစ်တပ်အတွင်းမှာလဲ အာဏာဖီဆန်မှုတွေ၊ ပုန်ကန်မှုတွေ ဖြစ်လာခဲ့တာပဲ။ အဲဒီလို အက်ကွဲကြောင်းတွေ ဟထွက်လာရင် သပ်လျှိုရိုက်ချလိုက်နိုင်ဖို့ အလွန်အရေးကြီးကြောင်း ကမ္ဘာ့တော်လှန်ရေး သမိုင်းက သင်ကြားပြသနေတယ်။ ဗမာပြည် ရှစ်လေးလုံး လူထု တော်လှန်ရေးကြီးမှာလဲ ဒီအခြေအနေကို ကြုံခဲ့ရပါတယ်။ ဒါပေမယ့် စစ်တပ်ကို ကွဲထွက်သွားအောင် ရိုက်ခွဲမပစ်နိုင်ခဲ့ဘူး။

ဒီကနေ့လဲ စစ်တပ်အတွင်း အလွန်ကြီးမားတဲ့ အက်ကြောင်းကြီးတွေ ထွက်ပေါ်နေပြီ။ စစ်ရေး အထိနာနေလို့ ထွက်ပေါ်လာတဲ့ အက်ကြောင်းတွေလို့ ပြောရင် အပြည့်အဝ မမှန်ပါဘူး။ အနီးကပ် အကြောင်းတရားလို့ ပြောနိုင်လိမ့်မယ်။ ဒီတချက်တည်းကြောင့်သာဆိုရင် လက်နက်ကိုင် အင်အားစုတွေ စစ်ဆင်ရေး တခုပြီးတခု နိုင်လာတာနဲ့ အာဏာသိမ်း စစ်တပ် ပြိုကျသွားမှာပဲ။ တချို့လဲ အဲဒီအတိုင်း တကယ်ကို ယုံကြည်နေပုံရတယ်။ နဂိုနဲ့ အပေါင်းအပါများကတော့ အဲသလို ဖြစ်လာတဲ့တနေ့ ပလ္လင်ပေါ်တက်ဖို့ အခုကတည်းက ခါးတောင်းကျိုက်တပြင်ပြင် ဖြစ်နေပြီ။ လောလောဆယ် ခါးတောင်းတခြား ဖင်တခြား ဖြစ်နေတဲ့ သူတို့အဖြစ်ကိုလဲ သတိမူမိဟန်မတူ။

## ဇာဘုရင့် စစ်တပ်ပြိုကွဲခဲ့သလို

အခုမြင်တွေ့နေရတဲ့ စစ်ရေးအောင်နိုင်မှုတွေဟာ အားတက်စရာ ဖြစ်တာ အမှန်ပဲ။ စစ်တပ်အတွင်း ကွဲအက်မှုတွေ မြင်လာရတာလဲ အမှန်ပဲ။ မင်းအောင်လှိုင် စစ်တပ်ရဲ့ ဒီကနေ့ အခြေအနေကို ပထမကမ္ဘာစစ်အတွင်း အထိနာနေတဲ့ ဇာဘုရင့် စစ်တပ်နဲ့ နှိုင်းယှဉ်ကြည့်လို့ရနိုင်တယ်။ (historical analogy တို့ရဲ့ ထုံးစံအတိုင်း အကန့်အသတ်နဲ့သာ နှိုင်းယှဉ်ကြည့်လို့ ရနိုင်မယ်ဆိုတာ စာရေးသူလဲ

သဘောပေါက်ပါတယ်။ ဤကား စကားချပ်)။ အချည်းနှီး အသေခံတိုက်နေရတဲ့ ဇာဘုရင့် စစ်သားတွေဟာ စစ်ရေး မရှုမလှ ရှုံးလာတဲ့အခါ ခြေကုန်လက်ပန်းကျလာတယ်။

ဒီလိုဖြစ်နေချိန် ၁၉၁၇ ဖေဖော်ဝါရီမှာ လူထု အုံကြွမှုကြီး ပေါက်ကွဲထွက်ပေါ်လာခဲ့တယ်။ ရှေ့တန်းက စစ်သားတွေဆီ ဒီသတင်းမရောက်အောင် အမျိုးမျိုး ဖုံးဖိထားခဲ့ပေမယ့် နောက်ဆုံးမှာ သတင်းပေါက်သွားပါတယ်။ ရှေ့တန်းမှာ တပ်တွင်းပုန်ကန်မှုတွေ ဖြစ်လာသလို မြို့တော်မှာ ကျန်ခဲ့တဲ့ စစ်သားတွေကလဲ တော်လှန်ရေး လှုပ်ရှားမှုနဲ့ လက်တွဲလိုက်တယ်။ အလွန်ကြီးမားတဲ့ အင်ပိုင်ယာ စစ်တပ်ကြီး အဲသလို ပြိုကွဲသွားမယ်လို့ ဒီမတိုင်ခင် လအနည်းငယ်ကသာ ပြောခဲ့ရင် ပြောသူကို အရူးလို့ စွပ်စွဲကြမယ် ထင်တယ်။ ဒါပေမယ့် တကယ် ဖြစ်ခဲ့တယ်။

သို့သော် ဒါတွေ သူ့အလိုလို ဖြစ်လာတာလို့ ကောက်ချက်ဆွဲရင် မမှန်ပါဘူး။ စစ်တပ်တွင်း မကျေနပ်ချက်တွေ စုပြုံလာတာ၊ ပုန်ကန်ခြားနားမှု ဖြစ်နိုင်တဲ့ အလားအလာတွေ ရှိတာတော့ အမှန်ပဲ။ ဒါပေမယ့် အလားအလာက အလားအလာမျှသာ၊ actuality မဖြစ်သေးဘူး။ ၁၉၁၇ ဖေဖော်ဝါရီ လူထု အုံကြွမှုကြီးသာ မဖြစ်ခဲ့ရင် ဇာဘုရင့် စစ်တပ် သူ့အလိုလို ပြိုကွဲသွားမှာပဲလို့ ဘယ်သူမှ ပြောရဲမယ်မထင်ဘူး။ ဒီအချက်က ‘decisive element’ ဆိုရင် အလွန်အရေးကြီးတဲ့ အကြောင်းအချက်တချို့လဲ ထည့်ပြောစရာရှိတယ်။

၁၉၁၇ ဖေဖော်ဝါရီ တော်လှန်ရေး မတိုင်ခင် ၁၉၀၅ မှာ တော်လှန်ရေး ဖြစ်ခဲ့သေးတယ်။ ဒါပေမယ့် ၁၉၀၅ မှာ အရေးနိမ့်ခဲ့တယ်။ တော်လှန်ရေးတခု အရေးနိမ့်သွားရင် တန်ပြန်တော်လှန်ရေးက ဖိထောင်းတော့တာပဲ။ ဒါ့ကြောင့် ၁၉၀၅ နောက်ပိုင်းမှာ တော်လှန်ရေး အင်အားစုတွေ အလဲလဲအကွဲကွဲ ဖြစ်သွားခဲ့တယ်။ လီနင်တို့ ဘော်ရှီဗစ်ပါတီလဲ အတော်ဖရိုဖရဲ ဖြစ်သွားခဲ့တယ်။ ပါတီအမာခံ ကေဒါတွေ ထောင်ကျသူကျ၊ သေသူသေ၊ ပြည်ပ ပြေးသူပြေးရ။ ၁၉၀၅ တော်လှန်ရေးနဲ့အတူ အင်အားတောင့်တင်းတဲ့ ပါတီကြီးတခု ဖြစ်လာခဲ့ပေမယ့် တော်လှန်ရေး ရှုံးနိမ့်သွားတဲ့အခါ အင်အား အလုံးအရင်း ပြုန်းတီးသွားခဲ့တယ်။ ပါတီ အင်အား ပြုန်းတီးရုံတင် မကပါဘူး။ အတွေးအခေါ်အရလဲ အကြီးအကျယ် ရိုက်ခတ်မှုခံခဲ့ရတယ်။ အဲဒီလို ဖောက်ပြန်ရေး ကာလကြီးမှာ ပါတီရပ်တည်လို့ မဖြစ်နိုင်ဘူး၊ ဖျက်သိမ်းပစ်လိုက်ဖို့ လိုင်းတင်သူတွေတောင် ရှိခဲ့တယ်။ ဒိုင်ယာလက်တစ် ရုပ်ဝါဒဟာ ခေတ်မမီတော့ဘူးလို့ ကြွေးကြော်ပြီး အဲဒီကာလမှာ ခေတ်စားနေတဲ့ empirio-criticism အယူအဆတွေ တင်သွင်းလာတဲ့ ဘော်ရှီဗစ် ခေါင်းဆောင်တချို့ ရှိခဲ့တယ်။

ပါတီကို ယူဂျီအဖြစ် ရပ်တည်ရင်း သဘောတရားရေး အခြေခိုင်အောင် လီနင် ပြန်ကြိုးစားရတယ်။ အဲဒီကာလမှာ ဒိုင်ယာလက်တစ် ရုပ်ဝါဒကို ခုခံကာကွယ်ထားတဲ့ ‘materialism and empirio-criticism’ စာအုပ်ကို လီနင် ရေးခဲ့တာပဲ။ လီနင်ရဲ့ ကေဒါတည်ဆောက်ရေး ကြိုးပမ်းချက်လို့ ဆိုရလိမ့်မယ်။ တော်လှန်ရေး ရှုံးထားကာစ ဖောက်ပြန်ရေး အင်အားစုတွေကြီးစိုးနေချိန်မှာ လူထုကို အုံကြွပုန်ကန်ဖို့ အဝေးကနေ လှမ်းအော်နေတာမျိုး လီနင် မလုပ်ပါဘူး။

၁၉၀၅ တော်လှန်ရေး ရှုံးနိမ့်ပြီး ၅-၆နှစ် ကြာလာတဲ့အခါ စက်မှုလုပ်ငန်းတွေ အရှိန်ပြန်ရလာသလို အလုပ်သမား သပိတ်တွေ၊ ဆန္ဒပြပွဲတွေ တစတစ များပြားလာတယ်။ industrial recovery နဲ့အတူ လူတန်းစား တိုက်ပွဲ အားကောင်းစ ပြုလာတဲ့သဘော။ ဒီကာလမှာ ဘော်ရှီဗစ်ပါတီလဲ အလုပ်သမား လှုပ်ရှားမှုကြားမှာ ပြန်အမြစ်တွယ်လာနိုင်ပြီ။ အဲဒီလို အရှိန်ယူနေဆဲမှာပဲ ပထမ ကမ္ဘာစစ် ဖြစ်သွားခဲ့တယ်။ အလုပ်သမားတွေကို အတင်းအကြပ် ရှေ့တန်းပို့လိုက်တယ်။ အထူးသဖြင့် အလုပ်သမား လှုပ်ရှားမှုအတွင်း တက်တက်ကြွကြွ ပါဝင်နေတဲ့ ဘော်ရှီဗစ် အလုပ်သမားတွေကို အပြိုးတကြီးနဲ့ ရှေ့တန်းလွှတ်ပါတယ်။ အားကောင်း

စ ဘော်ရှီဗစ် ပါတီလဲ နောက်တချီ ယိုင်နဲ့သွားပြန်တယ်။

ဒါပေမယ့် သူတို့ကြိုးစား တည်ဆောက်ခဲ့သမျှ သဲထဲရေသွန်မဖြစ်ခဲ့ပါဘူး။ ပထမ ကမ္ဘာစစ်အတွင်း ခြေကုန်းလက်ပန်းကျလာတဲ့ စစ်သားတွေကြားမှာ ဘော်ရှီဗစ် အလုပ်သမားတွေက စည်းရုံးရေးမှူးကြီးတွေ ဖြစ်လာခဲ့တယ်။ တပ်တွင်းပုန်ကန်မှုတွေကို လှုံ့ဆော်ဦးဆောင်နိုင်ခဲ့ကြတယ်။ 'အလားအလာကို actuality ဖြစ်အောင် ပြောင်းလဲပစ်ခဲ့သော အညတရ သူရဲကောင်းတွေ' လို့ ကင်ပွန်းတပ်ရလိမ့်မယ်။

## ချောက်ကမ်းပါး အစွန်းပေါ် ရပ်နေရသူလို

အခု ဒီစာကို ရေးနေချိန်မှာပဲ အာဏာသိမ်း စစ်အစိုးရက 'forced conscription' ဥပဒေကို စအသက်သွင်းမယ်လို့ ကြေငြာချက်ထုတ်လိုက်တာ တွေ့ရတယ်။ လီနင်ပြောခဲ့တာတခုကို ပြန်အမှတ်ရစေတယ်။ 'ချောက်ကမ်းပါးအစွန်းပေါ် ရပ်နေရသူမှာ ဆင်ခြင်နိုင်စွမ်း မရှိဘူး'တဲ့။ အာဏာသိမ်း စစ်ဗိုလ်ချုပ်ကြီးတွေဟာလဲ ချောက်ကမ်းပါးအစွန်းပေါ် ရပ်နေရသူလိုပဲ။ သူတို့မှာ ကြောင်းကျိုးဆင်ခြင်နိုင်စွမ်း မရှိဘူး။ ဒါ့ကြောင့် သူတို့လုပ်ရပ်တွေ illogical manner ဖြစ်နေတာပဲ။

စစ်သားပြုန်းတီးလာတဲ့ အာဏာသိမ်း စစ်တပ်ကို အတင်းအဓမ္မနည်းနဲ့ ဖြည့်တင်းဖို့ အခုလို ကြိုးပမ်းလာတယ်။ အာဏာသိမ်း စစ်အစိုးရအနေနဲ့ သူတို့ရည်ရွယ် လုပ်လိုက်သမျှ ပြောင်းပြန်ရလဒ်ချည်း ထွက်ခဲ့တာကို သတိမူမိပုံ မရဘူး။ သို့သော် အတင်းအဓမ္မ စစ်ထဲဆွဲသွင်းခံရသူတွေရဲ့ သေနတ်ပြောင်းဝ စစ်ခေါင်းဆောင်တွေဘက် လှည့်လိုက်ဖို့ဆိုတာ ပြည်ပရောက် နဂို လော်ဘီတွေ ပြောသလောက် မလွယ်ကူမှန်း သတိချပ်ရမယ်။

တဖက်မှာလဲ ဒီဥပဒေကိုသာ တကယ် အကောင်အထည်ဖော်လိုက်ရင် အာဏာသိမ်း စစ်ခေါင်းဆောင်တွေအဖို့ မြွေပွေး ခါးပိုက်ထဲ ထည့်ထားရသလို ဖြစ်နေမှာပဲ။ တလက်ကိုင် တည်ဆောက်ထားတဲ့ သူတို့စစ်တပ်ကိုတောင် မယုံရဲတဲ့ အခြေအနေမို့ လူငယ်အမြောက်အမြားကို စစ်တပ်ထဲ ဆွဲသွင်းပြီး လူသားဒိုင်းအဖြစ် အသုံးချဖို့ဆိုတာလဲ ထင်သလောက် မလွယ်ပါဘူး။ ဒီလိုသာ လုပ်လာရင် လူထုဆီက ပြင်းထန်တဲ့ backfire လာပါလိမ့်မယ်။

'ချောက်ကမ်းပါး အစွန်း ရောက်နေသူလိုပဲ' လို့ အထက်မှာ ဆိုခဲ့တယ်။ ဒါနဲ့ဆက်စပ်လို့ ဒုတိယ ကမ္ဘာစစ်မဖြစ်ခင် တနှစ်အလိုက ထရော့စကီး ပြောခဲ့တဲ့ စကားကို ကိုးကားရရင် -

*'they are tobogganing towards disaster with their eyes closed'*

ထရော့စကီးက အဲဒီခေတ် အရင်းရှင် နယ်ချဲ့နိုင်ငံတွေက အုပ်စိုးသူ လူတန်းစားကို ရည်ညွှန်းပြီး ပြောခဲ့တာ။ ဒီစကားက ဒီကနေ့ ကမ္ဘာ့အုပ်စိုးသူ လူတန်းစားနဲ့ ပတ်သက်လို့လဲ မှန်နေဆဲပဲ။ ယူကရိန်းကို စစ်ထဲတွန်းပို့ခဲ့တဲ့ ယူအက်စ် အရင်းရှင်နယ်ချဲ့ အစိုးရဟာ အခုလဲ အရှေ့အလယ်ပိုင်းမှာ စစ်မီးမွှေးနေပြီ။ ဗမာပြည်က အာဏာသိမ်း စစ်အုပ်စုအတွက်လဲ ဒီစကားက အတိအကျ မှန်တယ်။ ချောက်ကမ်းပါးစွန်းကို သူတို့ကိုယ်တိုင် မျက်စိစုံမှိတ်ပြီး ပြေးသွားခဲ့တာပဲ။ ချောက်ကမ်းပါး အစွန်ကနေ လူထုအားနဲ့ ကန်ချပစ်ဖို့ပဲ ကျန်တော့တယ်။

သူရိန်မွန်



# ကောလင်းသင်ခန်းစာ

အင်္ဂလိပ် စကားပုံ တခုရှိတယ်။ 'အောင်ပွဲဆို ဖအေများသလောက် အရှုံးကျ မိဘမဲ့ကလေးလိုပဲ'တဲ့။

ကောလင်းတမြို့လုံးနီးပါး ပြာပုံဖြစ်သွားပြီဆိုတဲ့ သတင်းကို ဖတ်ပြီးကြရောပေါ့။ ၂၀၂၃ နိုဝင်ဘာ ၆ ရက်နေ့မှာ နဂျီအောက်က ပီဒီအက်(ဖ်)တွေနဲ့ မဟာမိတ်တပ်တွေက ကောလင်းမြို့ကို သိမ်းလိုက်နိုင်ပြီလို့ ကြေညာခဲ့တယ်။ စစ်ကိုင်းတိုင်းမှာ တော်လှန်ရေး အင်အားစုတွေ ပထမဆုံး သိမ်းနိုင်တဲ့ ခရိုင်မြို့လို့လဲ ဟစ်ကြွေးခဲ့ကြတယ်။ ကောလင်းက ဘဏ်တွေကို သိမ်းထားနိုင်လို့ နဂျီက သီးခြားဘဏ်စနစ်ကို မြေပြင်မှာ အကောင်အထည် ဖော်နိုင်တော့မယောင် လေလုံးထွားခဲ့ကြသေးတယ်။

၂၀၂၄ နှစ်ဆန်းတုန်းက ရေးခဲ့တဲ့ ဆောင်းပါးထဲမှာ အခုလို မှတ်ချက်ပေးခဲ့တယ် -

"Currently, the so-called NUG is attempting to act like a real government on the ground. When the ethnic rebel forces seized town after town, their People's Defence Forces (PDFs) needed to demonstrate their strength. This compelled them to seize a district town in the Sagaing region. As in the other towns under the control of resistance forces, local residents were forced to flee their homes.

Yet, no one would say that this district town is of such strategic significance that it must be seized at any price."

[https://www.marxist.com/burmese-junta-caught-between-a-rock-and-a-hard-place.htm]

မြောက်ပိုင်း မဟာမိတ်တပ်တွေက မြို့တွေသိမ်းပြနေချိန်မှာ အစိုးရနာမည်ခံထားတဲ့ နဂျီအနေနဲ့ မြို့တမြို့လောက်မှ သိမ်းမပြနိုင်ရင် အရှက်ရစရာပဲ။ ဒီတော့ မြေပြင်မှာ တကယ်အင်အားရှိတဲ့ အစိုးရတရပ်လို ဟန်လုပ် ကြွားလုံးထုတ်ဖို့ လိုလာတယ်။ ဒါ့ကြောင့် ကောလင်းကို သိမ်းပြတယ်။ အွန်လိုင်းကနေ ပွဲခံတယ်။ စစ်ကိုင်းအစွန်အဖျားက

မြို့အသေးလေး သိမ်းနိုင်သေးတဲ့ အခြေအနေကို ရန်ကုန်၊ မန္တလေး သိမ်းထားသလောက် လက်ခမောင်းခတ်ပြတယ်။ တကယ်တမ်းကျ ကောလင်းနားကပ်နေတဲ့ ဝန်းသိုလောက်တောင် ဆက်သိမ်းနိုင်မယ့် အခြေအနေ မရှိခဲ့ဘူး။ အာဏာသိမ်း စစ်တပ်ဘက်က ဝန်းသိုကနေ လက်နက်ကြီးနဲ့ နေ့တိုင်းလှမ်းထုတာပဲ ခံနေခဲ့ရတယ်။

ဧရာဝတီ သတင်းဌာနရဲ့ ဖေဖော်ဝါရီ ၁၃ ရက်နေ့ သတင်းဆောင်းပါးတပုဒ်မှာ အခုလို ဖော်ပြထားတယ်။

"ကောလင်းမြို့ တိုက်ပွဲများအား စောင့်ကြည့်လေ့လာနေသော ဒေသခံတဦးက 'လနဲ့ချီပြီး ကိုယ့်လက်ထဲ ရှိနေတဲ့ အချိန်ကတည်းက မိုင် ၂၀ လောက် အကွာအဝေးမှာရှိနေတဲ့ ဝန်းသိုဘက်ကနေ နေ့တိုင်းလက်နက်ကြီးတွေနဲ့ လှမ်းပစ်တာ ခံရတယ်။ အခုလို မြို့ကို စစ်တပ်က ပြန်ထိန်းနိုင်သွားတာက အန်ယူဂျီ လူကြီးတွေ လေလုံးထွားခဲ့တာရဲ့ နောက်ဆက်တွဲလို့ ပြောရမှာပေါ့။"

ကောလင်းကို သိမ်းပြတာဟာ ဟန်ပြ လေလုံးထွားဖို့၊ အစိုးရပီသကြောင်း ပြဖို့၊ လူတွေကို စစ်ရေး အောင်ပွဲ မက်လုံးလေးပြချင်လို့ပဲ မဟုတ်ဘူးဆိုရင် ရန်ကုန်၊ မန္တလေး ၊ နေပြည်တော် တက်သိမ်းနိုင်တဲ့အထိ မပြင်ဆင်ထားနိုင်ရင်တောင် စစ်ကိုင်းတခွင်လုံး ဆက်သိမ်းနိုင်လောက်တဲ့ အထိ ပြင်ဆင်ထားနိုင်စွမ်း ရှိခဲ့ရမယ်။ အဲသလို အခြေအနေ ၊ အကြောင်းအချက်တောင် မရှိဘဲ မြို့လေးတမြို့ကို လနဲ့ချီ သိမ်းပြပြီး သာလွန်အင်အား အမြောက်အမြားရှိတဲ့ ရန်သူကို အချိန်မရွေး လာတိုက်စမ်းဆိုပြီး ရင်ကော့ပြရဲတာ သတ္တိကောင်းတာလား၊ ဒါမှမဟုတ် ငါတို့က ယူအက်(စ်)မှာပဲ၊ သေစရာရှိ အောက်ခြေရဲဘော်တွေရဲ့ အသက်တွေပဲလို့ သဘောထားလို့လား။ အဲသလို စေတနာမရှိရိုး အမှန်ပါလို့ ကျမ်းကျိန်ပြောဦးတော့၊ အစိုးရ အမည်ခံထားသူများရဲ့ လက်တွေ့ဗျူဟာက အောက်ခြေရဲဘော်တွေရဲ့ အသက်ကို စတေးခဲ့တယ်၊ ကောလင်းမြို့ကို ပြာကျစေခဲ့တယ်။

ဒါ့အပြင် မြို့သေးလေးတခုကို သိမ်းပြရုံနဲ့ တော်လှန်ရေး အောင်ပွဲ ရသွားသယောင် လူထုကြား illusion တွေ စိုက်ပျိုးခဲ့ကြတယ်။ အခုလို ထိုးစစ်ဆင် မြို့သိမ်းလိုက်ပြီဆိုတာနဲ့ တော်လှန်ရေးဟာ တဟုန်ထိုး ပြန့်သွားရမယ်၊ အဲသလို မလုပ်နိုင်ရင် ရန်သူ့ဘက်က အခုလို တုံ့ပြန်လာမယ်ဆိုတာ စဉ်းစားတတ်သူတိုင်း သိပေမယ့် နူဂျီနဲ့ သူ့မဟာမိတ်အဖွဲ့က စစ်ခေါင်းဆောင်တွေ မသိခဲ့လေသလား ။ မြို့လုံးကျွတ်၊ ရွာလုံးကျွတ်တွေ မီးရှို့ပြီး စစ်ရာဇဝတ်မှု မျိုးစုံ ကျူးလွန်နေတဲ့ မင်းအောင်လှိုင် စစ်တပ်က ဒီလိုမျိုး လုပ်လာမှာပဲဆိုတာ ကြိုတွက်လို့ ရပြီးသားပဲ။

အခုလို ဖြစ်လာတဲ့အခါ နူဂျီ ခေါင်းဆောင်ပိုင်းက ဘယ်လို တာဝန်ယူသလဲ။ "ကောလင်းကို စစ်ကောင်စီတပ် ပြန်လည်ထိန်းချုပ်လိုက်သည့် ကိစ္စနှင့် ပတ်သက်၍ အသေးစိတ်သိရှိနိုင်ရန် NUG သို့ ဧရာဝတီက အကြိမ်ကြိမ် ဆက်သွယ်ခဲ့သော်လည်း ဆက်သွယ်၍ မရခဲ့ပေ" လို့ ဖေဖော်ဝါရီ ၁၃ ရက် သတင်းမှာပဲ ဧရာဝတီက အဲသလို ဖော်ပြခဲ့တယ်။ ဖေဖော်ဝါရီ ၁၆ ရက်၊ Myanmar Now သတင်းမှာလဲ "ကောလင်း နောက်ဆုံးအခြေအနေနှင့် ပတ်သက်ပြီး စစ်ကောင်စီ၊ NUG အစိုးရတို့က သတင်းထုတ်ပြန်ခြင်း မရှိသေးပေ"လို့ ရေးထားတယ်။

အောင်ပွဲရပြီအထင်နဲ့ မိုးတလုံးလေတလုံး ကြွေးကြော်ခဲ့သူတွေဟာ အရှုံးကျ တာဝန်မခံချင်ကြပါလား ။ သတင်းတောင် တိတိကျကျ မထုတ်ပြန်ရဲတော့။ နူဂျီ MOD စာမျက်နှာမှာဆိုရင်လဲ ကောလင်း နောက်ဆုံး အခြေအနေနဲ့ ပတ်သက်ပြီး ခရိုင်ပကဖ တာဝန်ခံနဲ့ အင်တာဗျူးကို "The Call - ခေါ်သံ အွန်လိုင်းမဂ္ဂဇင်း၏ ခွင့်ပြုချက်ဖြင့် ပြန်လည်ဖော်ပြအပ်ပါသည်"လို့ ခေါင်းရှောင် ဖော်ပြထားတာ တွေ့ရမယ်။ အစိုးရ အမည်ခံထားသူတွေက တာဝန်ခံပြီး ထုတ်ပြန်ပြောဆိုခြင်း မလုပ်ဘူး။ အောင်ပွဲသာဆို မီဒီယာပေါင်းစုံမှာ ပလူပျံအောင် အင်တာဗျူးဖြေနေလောက်ပြီ။ အဲသလို ခေါင်းရှောင် ဖော်ပြထားတဲ့ အင်တာဗျူး အဆုံးမှာလဲ "ကောလင်းမြို့ထဲ ရောက်နေတဲ့ စစ်ကောင်စီတပ်တွေကို အခု



ပိတ်ဆို့ဖြတ်တောက်ထားကြတယ်။ ကောလင်းဂွင်ဟာ သတ်ကွင်း ဖြစ်လာလိမ့်မယ်” လို့ ဆိုထားတယ်။ တကယ်ဖြစ်လာရင် ကောင်းပါရဲ့။ အခုတော့ မြို့က ပြာဖြစ်သွားပြီ။

အရှုံးဆိုတာ ရှိမှာပဲ။ တိုက်ပွဲတပွဲ ရှုံးတာသက်သက်က အဓိက ပြဿနာ မဟုတ်ပါဘူး။ ဒါပေမယ့် reality ကို လက်မခံရဲဘူး၊ အမှန်အတိုင်း မမြင်နိုင်ဘူး၊ အရှုံးရဲ့ အကြောင်းရင်း မှန်မှန်ကန်ကန် သုံးသပ်ပြီး သင်ခန်းစာ မထုတ်ရဲဘူး၊ လူထုကို အမှန်အတိုင်း မပြောရဲဘူး၊ အလိမ်အညာတွေ illusion တွေပဲ ပေးမြဲပေးနေတယ် ဆိုရင် ဒီထက် နာကျည်းစရာကောင်းတာတွေပဲ ထပ်ခံနေရလိမ့်မယ်။

ကောလင်း အရေးနိမ့်မှုကနေ အရေးကြီးကောက်ချက်ကို ရဲရဲကြီး ဆွဲရဲရလိမ့်မယ်။ ကျေးလက်အခြေခံ မြို့ကိုဝိုင်း ဆိုတဲ့ ‘rural AS’ လမ်းစဉ်ရဲ့ အကန့်အသတ်ကို ဒီမှာ အထင်အရှား တွေ့ရမယ်။ လက်နက်ကိုင် တိုက်ပွဲက မြို့တမြို့ (ဒါမှမဟုတ်) မြို့ရွာအချို့မှာပဲ isolated ဖြစ်နေမယ်ဆိုရင် အခုလို အဖြစ်ဆိုးတွေ ထပ်လာနိုင်တယ်။ ဒါ့ကြောင့် ကျေးလက် အခြေခံ မြို့ကိုဝိုင်း လက်နက်ကိုင် လမ်းစဉ်သာ အဓိကလို့ အခုထိ ထင်နေသေးရင် ပြန်စဉ်းစားကြည့်ပါ မိတ်ဆွေ။ အလုပ်သမားလူတန်းစား ဦးဆောင်သော အထွေထွေ သပိတ်နဲ့ မြို့ပြအုံကြွမှု ထွက်ပေါ်လာရေးဟာ ဒီကနေ့ တော်လှန်ရေးရဲ့ decisive factor ပဲ။ ဒီအမြင်ကို အခြေခံပြီး အင်အားတည်ဆောက်ရေး၊ ပြင်ဆင်ရေး အလုပ်တွေ သိုသိုသိပ်သိပ် လုပ်ကြရလိမ့်မယ်။

သူရိန်မွန်




# လစ်ဘာရယ်ညီလာခံ

ဒုတိယ အကြိမ် 'ပြည်သူ့ညီလာခံ' ဆိုသောအရာကို NUCC က ဦးဆောင်ပြီး (၅)ရက်တိုင်တိုင် ကျင်းပခဲ့တယ်လို့သိရပါတယ်။ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၉ရက်နေ့ ရက်စွဲနဲ့ NUCC က ထုတ်ပြန်တဲ့ 'ဒုတိယအကြိမ် ပြည်သူ့ညီလာခံမှ ပြည်သူလူထုသို့ အစီရင်ခံစာ'ထဲမှာ CRPH အပါအဝင် ရွေးကောက်ခံ လွှတ်တော် ကိုယ်စားလှယ်များ ပါဝင်ခဲ့တယ်လို့ ဖော်ပြထားပါတယ်။ ဒါပေမယ့် အစိုးရ နာမည်ခံထားတဲ့ NUG အုပ်စုရော ပါဝင်တက်ရောက်ခဲ့ခြင်း ရှိမရှိကိုတော့ ရှင်းရှင်းလင်းလင်း ဖော်ပြထားခြင်း မရှိလို့ ကျနော်တို့လို သာမန်ပြည်သူတွေအနေနဲ့ 'ပြည်သူ့ညီလာခံ' တက်ရောက်ခဲ့သူ အစုအဖွဲ့များကိုပင် ရေရေရာရာ မသိကြရပါဘူး။ တက်ရောက်သူတွေရဲ့ လိင်နဲ့ ဂျန်ဒါ အမျိုးအစားကို အရေအတွက်ရော ရာခိုင်နှုန်းနဲ့ပါ အသေးစိတ်ဖော်ပြထားပေမယ့် ဆိုခဲ့ပါ အချက်ကို ရှင်းရှင်းလင်းလင်းရေးမထားတာဘာသဘောလဲမသိရပေ။

အဆိုပါ 'ပြည်သူ့ညီလာခံ' သတင်းကို တက်ယူခွင့်ရခဲ့ဟန်တူတဲ့ သတင်းမီဒီယာတချို့ရဲ့ ဖော်ပြချက်အရ NUG နဲ့ CRPH တို့ဟာ ညီလာခံ ပဥ္စမနေ့ကို မတက်ရောက်ခဲ့ဘူးလို့ သိရပါတယ်။ ဘာ့ကြောင့် မတက်ရောက်နိုင်ကြောင်း ဆင်ခြေဆင်လက်များကိုလဲ ညီလာခံဆီ ပေးပို့သော စာတွေထဲမှာ ဖော်ပြထားသတဲ့။ ဒီအချက်ကို NUCC ရဲ့ ပြည်သူလူထုထံသို့ အစီရင်ခံစာထဲမှာ တခွန်းတပါဒမျှ ဖော်ပြမထားပါဘူး။ ပြည်သူတွေ သိဖို့ မလိုအပ်ဘူးထင်လို့ ညီလာခံ ကိုယ်စားလှယ်ကြီးများက သိုဝှက်ထိန်းသိမ်းထားရပုံပဲ။

တကယ်သာ ပြည်သူ့ညီလာခံအစစ်ဖြစ်ခဲ့ရင်၊ ထိုကဲ့သို့ ပြည်သူ့ညီလာခံကို သပိတ်မှောက်ဆန့်ကျင်သူ အစုအဖွဲ့တွေကိုဒီလို မသိကျိုးကျွံပြုထားလို့ ဖြစ်ပါ့မလား။ ပြည်သူလူထုကိုကိုယ်စားပြုတက်ရောက်လာတဲ့ ပြည်သူ့ ကိုယ်စားလှယ်ကြီးများက ဒီကိစ္စကို သက်ဆိုင်ရာ ပြည်သူ့ရှေ့မှောက် ဖွင့်ချပြီးသူတို့ကိုယ်စားပြုထားတဲ့ လူထုကို တိုင်တည် တိုက်ပွဲဝင်ခြင်း မပြုသင့်ပေဘူးလား။ ထိမ်ချန်ထားခြင်းဟာ 'ပြည်သူ့ညီလာခံ'ကို ပုန်ကန်ပြီး ငါတကော,ကောသူတွေအပေါ်ကာကွယ်ပေးနေခြင်း ဖြစ်သွားမယ်။ ဒါသည်ပင် သူတို့ကိုယ်စားပြုထားတဲ့ ပြည်သူလူထုကြီးရဲ့ အကျိုးစီးပွားကိုကျောခိုင်းလိုက်ခြင်း ဖြစ်တယ်။ အဲသလိုသာဆိုရင် ပြည်သူ့ညီလာခံကို သပိတ်မှောက်သူ အစုအဖွဲ့တွေနဲ့ ကူညီဖုံးဖိပေးသူ ကိုယ်စားလှယ်ကြီးများကို

ပြည်သူလူထုတရပ်လုံးက တခဲနက် ဆန့်ကျင်ရှုတ်ချကြလိမ့်မယ်။သို့သော် အခု အဲသလို ဖြစ်မလာချေ။ ဘာ့ကြောင့်ပါလဲ။

လစ်ဘရယ် အင်အားစုတွေ ဦးဆောင်လုပ်တဲ့ 'ပြည်သူ့ညီလာခံ'ဟာ ပြည်သူ့ညီလာခံ အစစ် မဟုတ်ဘူး။ နာမည် ဘယ်လိုပဲတပ်ထားပါစေ၊ အနှစ်သာရအားဖြင့် နိုင်ငံရေး အစုအဖွဲ့ပေါင်းစုံရဲ့ လေလှိုင်းပေါ်က ဖွန်းမီတင်တခုပါပဲ။ ညီလာခံကို သပိတ်မှောက်ပြီး ငါတကောကောသွားသူတွေကို ကာပေးချင်လို့ အခုလို ဝေဖန်ခြင်းမဟုတ်ဘူး ဆိုတာတော့ အမြင်ရှင်းကြမယ် ထင်ပါတယ်။ ဆိုခဲ့သလိုပဲ၊ တကယ့် ပြည်သူ့ညီလာခံ အစစ်သာဆိုရင် ညီလာခံကို သပိတ်မှောက်ထွက်သွားသူတွေကို ဘာ့ကြောင့် လက်ပိုက်ကြည့်နေသလဲ၊ ဖုံးဖိပေးထားမလဲ၊ ထိထိရောက်ရောက် အရေးယူကိုင်တွယ်ရမှာပဲ။ အဲသလို အရေးယူကိုင်တွယ်နိုင်စွမ်း ရှိပါသလား။ အနိမ့်ဆုံးအဆင့် ညီလာခံမှ ထုတ်ပယ်ကြောင်း စာတစောင် ထုတ်ပြန်ရဲသလား။ အဲသလောက်မှ မလုပ်နိုင်ဘဲ ပြည်သူ့ညီလာခံလို့ ထင်နေရင် အိပ်မက်မက်နေတာပဲ။ ဆက်သာမက်ကြပါ။ အိပ်ရင်းမက်တာပဲ၊ ပိုက်ဆံမကုန်ဘူး ထင်ပါတယ်။ အိပ်မက်တွေက ဈေးကြီးတယ်လို့ ပြောပြောနေကြတော့ ပိုက်ဆံမကုန်ဘူးလို့ ယတိပြတ် မဆိုရဲပေဘူး။ ဖွန်းအကောင့်ဝယ်ရင် ဒေါ်လာနဲ့ ပေးရတာမို့လား။ ဖွန်းတက်ရင်း အိပ်မက်မက်နေကြရင် ပိုက်ဆံမကုန်ဘူးလို့ ပြောမှမရဘဲကိုး။

## အန်နားခစ်(စ်)တွေ ကိုးကွယ်တဲ့ 'all consensus' မူ

စစ်အုပ်စု ရေးဆွဲထားတဲ့ ၂၀၀၈ ခြေဥအရ လွှတ်တော်ထဲမှာ မိုက်ကြေးခွဲ ဝင်ထိုင်နေတဲ့ အစိတ်သားသဘောမတူရင် လူထုကြီး ရွေးကောက်တင်မြှောက်ထားတဲ့ အမတ်အားလုံးက ဘာမှလုပ်မရဘူး။ အားလုံး သိကြပြီးသားကိစ္စပဲ။ ဒီမိုကရေစီ မဆန်ဆုံး ခြေဥ။ လူထုက ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်အားလုံးကို ကျော်လွန်ပြီး စစ်တပ်က အစိတ်သားလက်ထဲမှာ ဗီတိုကိုင်ထားတဲ့ ဥပဒေ။ အန်နားခစ်(စ်)တွေက 'Democratic Centralism' ကို အာဏာရှင်ဆန်တယ်၊ ဒီမိုကရေစီမကျဘူးရယ်လို့ မျက်စိမှိတ်အော်တတ်ကြတယ်။ ဒီမိုကရေစီ သိပ်ဆန်ချင်တော့ 'all consensus' ဖြစ်မှ လုပ်ရမယ်ဆိုတဲ့ မူကို အမွှန်းတင်ပွဲထုတ်လေ့ရှိတယ်။ စဉ်းစားကြည့်ပါ။ လူ ၁၀ ယောက်ရှိတဲ့ အစည်းအဝေးတခုမှာ ဆုံးဖြတ်ချက်ချဖို့ လူ ဆယ်ယောက်လုံးက သဘောတူရမယ်။ တယောက်ယောက်က များ ကန့်လန့်တိုက်ပြီး ကန့်ကွက်မဲ ပေးလိုက်တာနဲ့ ဘာမှ ရှေ့ဆက်မရတော့ဘူး။ ဘာဆုံးဖြတ်ချက်မှ ချမရတော့ဘူး။ လူကိုးယောက်မဲကို အဲဒီတယောက်တည်းက ဗီတိုသုံး ပယ်ချခွင့်ရနေတာနဲ့ အတူတူပဲ မဟုတ်ဘူးလား။

အန်နားခစ်(စ်)တွေ အမြင်မှာ ဒီမိုကရေစီ သိပ်ဆန်ပါတယ်ဆိုတဲ့ အလွန်မြင့်မြတ်တော်မူလှသော 'all consensus' မူကြီးဟာ အစိတ်သားက ဗီတိုကျင့်သုံးနေတဲ့ ဥပဒေကြီးနဲ့ အနှစ်သာရသွားတူနေပါကရောလား။ သမိုင်းမှာ ဒါမျိုးတွေ ဖြစ်ဖူးပေါင်း များလှပါပြီ။ ၂၀၁၁ က 'occupy movement' တွေမှာလဲ ဒီပြဿနာကို ကြုံခဲ့ရပြီးပြီ။ 'all consensus' မူဟာ လူတိုင်းကို ပါဝင်ဆုံးဖြတ်ခွင့် ပေးထားသယောင် ထင်ရပေမယ့် တကယ့်လက်တွေ့မှာ ဒီမိုကရေစီ မဆန်ဆုံး ၊ လူတဦးတယောက် (သို့) လူတစု တဖွဲ့ကို ဗီတိုသုံးနိုင်ခွင့် ပေးထားသော အာဏာရှင် အလွန်ဆန်တဲ့ မူဖြစ်တယ်။

NUCC အတွင်းထဲမှာ အဲဒီမူနဲ့ ခြေချုပ်မိနေသလို အခုကျင်းပတဲ့ ပြည်သူ့ညီလာခံမှာလဲ ဒီမူနဲ့ ခြေချုပ်မိ တိုင်ပတ်နေတယ်လို့ သတင်းဖော်ပြချက်တွေအရ သိရပါတယ် ။ NUCC ရဲ့ လူထုထံ အစီရင်ခံစာထဲမှာတော့ ထုံးစံအတိုင်း ဖော်ပြမထားပါဘူး။ ပြင်ဖို့ကြိုးစားတာကိုလဲ CRPH နဲ့ NUG အုပ်စုတွေက လက်မခံဘူးလို့ MPA သတင်းမှာ တွေ့ရတယ်။ ဒီမူကို ထည့်သွင်းရေးဆွဲခဲ့သူတွေဟာ အစိတ်သားတွေရဲ့ဗီတိုအာဏာကျင့်သုံးခွင့်ကို အားကျခဲ့သူတွေ ဖြစ်လိမ့်မယ်။ မဟုတ်ရင်လဲ မနူးမနပ် အန်နားခစ်(စ်)

ငပေါလေးတွေ ဖြစ်လိမ့်မယ်။

ဒီပြဿနာမျိုးတွေကို နားလည်ခဲ့ကြလို့ ကျနော်တို့ ကွန်မြူနစ်တွေက Democratic Centralism စည်းမျဉ်းကို ကျင့်သုံးကြတာပဲ။ တခြားနည်းများ ရှိရင် ဖော်ထုတ်ပြစမ်းပါ မိတ်ဆွေ။ အန်နားခစ်(စ်)တွေ ဖော်တဲ့ 'all consensus' ဆေးကြောင့် မရှုနိုင်မကယ်နိုင် ဖြစ်နေပြီ မဟုတ်လား။ အဲဒီမူမျိုးကိုတော့ သန်းရွှေတို့ မင်းအောင်လှိုင်တို့က အလွန်ကြိုက်ဖြစ်လိမ့်မယ်။ အဲ နုဂျီနဲ့ အပေါင်းအပါတသိုက်လဲ အလွန်ကြိုက်ပုံရပါတယ် ။

ကျွန်ုပ်တို့လို သာမန်ပြည်သူတွေအဖို့ ညီလာခံကိုယ်စားလှယ်ကြီးများ ထုတ်ပြန်သလောက်၊ သတင်းမီဒီယာတွေက ဖော်ပြသလောက် အချက်အလက်တွေနဲ့သာ စောကြောကြည့်နိုင်ပါတယ်။ အချက်အလက် လွဲမှားနေလို့ အကောက်အယူ လွဲနေတယ်ဆိုရင်လဲ ညီလာခံတက်ရောက်သူ ကိုယ်စားကြီးများကဖြစ်စေ၊ ကျင်းပရေးဦးဆောင်ကော်မတီကဖြစ်စေ သတင်းအချက်အလက်အပြည့်အစုံကို အများပြည်သူ ရှင်းရှင်းလင်းလင်း သိနိုင်အောင် ထုတ်ပြန်ပေးကြဖို့ မေတ္တာရပ်ခံလိုက်ပါရဲ့။

## လေလှိုင်းပေါ်က ဆုံးဖြတ်ချက်များ

NUCC က ထုတ်ပြန်တဲ့ ပြည်သူလူထုထံသို့ အစီရင်ခံစာ နံပါတ် (၄)မှာပဲ ဒုတိယအကြိမ် ပြည်သူ့ညီလာခံမှာ အချက် (၃)ချက်ကို အတည်ပြု ဆုံးဖြတ်ခဲ့တယ်လို့ ဖော်ပြထားတယ်။ NUG လက်အောက်ခံ (သူတို့အစီရင်ခံစာမှာ အန်ယူဂျီ လက်အောက်ခံလို့ ရှင်းရှင်းလင်းလင်း ရေးသားထားခြင်းမရှိ) 'ပအဖ၊ ပကဖ၊ ပလဖ တို့ကို ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်နဲ့အညီ စနစ်တကျ လုပ်ဆောင်နိုင်ရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်အတွက် NUG အပါအဝင် သက်ဆိုင်ရာ တော်လှန်ရေး အင်အားစုများအကြား ဟန်ချက်ညီ လုပ်ဆောင်နိုင်သော ယန္တရားများအဖြစ် သုံးသပ်ပြင်ဆင်တည်ဆောက်ရန်' လို့ ဆိုပါတယ်။

ဘယ်သူတွေ ထိန်းချုပ်မှုအောက်ရှိတဲ့ အဖွဲ့တွေလို့ တောင် ရေရေရာရာ မဖော်ပြရဲဘဲ အဲဒီအဖွဲ့တွေရဲ့ ပြဿနာပေါင်း သောင်းခြောက်ထောင်ကို တာဝန်ယူမှု၊ တာဝန်ခံမှု ရှိလာအောင် ဘယ်လိုများ လုပ်ကြမှာလဲ။ 'ဤကိစ္စသည်လည်း အများပြည်သူနဲ့ မသက်ဆိုင်သော ပမွှားလေးမို့' ထင်ပါရဲ့၊ တလုံးတပါဒမျှ ဖော်ပြမထား။ ဟုတ်ပြီ၊ ဗွန်းမီတင်နဲ့ အဝေးကြီးမှာ ရှိနေတဲ့ အဲဒီအဖွဲ့တွေကို ကိုင်တွယ်ဖို့ အသာထားပါဦး၊ အဲဒီအဖွဲ့တွေကို ကြိုးကိုင်မောင်းနှင်နေတဲ့ အန်ယူဂျီက 'ပြည်သူ့ညီလာခံ' ကြီးကို သပိတ်မှောက်ထွက်သွားတာတောင် ဘာတတ်နိုင်လို့လဲ ။

ဒီပြဿနာတွေ ဘာ့ကြောင့် ပေါ်ပေါက်လာရသလဲ နားမလည်ဘဲ ဆေးမြီတိုတွေ ထိုင်ထုတ်နေရင် လေကုန်တာပဲ ရှိမယ်။ အမြင်မတော်တာလေးတွေ ထုတ်ပြောပြီး ဆုံးဖြတ်အတည်ပြုလိုက်ပါသည်လို့ စာထုတ်လိုက်ရတော့ နည်းနည်းလေး အာသာပြေချင် ပြေသွားမှာပေါ့လေ။ တော်လှန်ရေးမှာ ပါဝင်နေပါတယ်ဆိုသူတွေရဲ့ ပြဿနာတောင် မှန်မှန်ကန်ကန် မဖော်ထုတ်နိုင်ဘူးဆိုရင် ရန်သူ့စစ်တပ်ဘက်က စစ်မှုထမ်း ဥပဒေကိစ္စတွေ၊ မြန်မာနိုင်ငံသား ဥပဒေကိစ္စတွေ ပယ်ဖျက်ရေးပြောတော့ရော ဘာလုပ်ရမှာလဲ။ ရိုဟင်

---

*[ အယ်ဒီတာ့ မှတ်ချက်။ ။ ဒီဆောင်းပါး စာမူ ရေးသားပြီးချိန်မှာ NUCC ရဲ့ သတင်းစာရှင်းလင်းပွဲ မပြုလုပ်ရသေးပါဘူး။ ဒုတိယအကြိမ် ညီလာခံ ကျင်းပပြီးတဲ့နောက် ၂၀၂၄ ခုနှစ်၊ ဧပြီ ၁၁ ရက်နေ့မှာ NUCC က သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပါတယ်။ ဒီသတင်းစာ ရှင်းလင်းပွဲမှာတော့ ညီလာခံ မကျင်းပခင်ကတည်းက all consensus မူကိစ္စကို ညီလာခံမှာ မဆွေးနွေးကြဖို့ NUCC အတွင်း ကြိုတင်သဘောတူထားကြတယ်လို့ ဖြေသွားပါတယ်။ ဒါ့ကြောင့်လဲ ညီလာခံ ၅ ရက် ကျင်းပသွားပေမယ့် 'အဆိုပြုချက်နဲ့ အကြံပြုချက် ၂၁ ချက်ကို မှတ်တမ်းတင်ရုံပဲ' လုပ်နိုင်ခဲ့တယ်။ ဆုံးဖြတ်ချက်များအဖြစ် မချမှတ်နိုင်ခဲ့ကြဘူး။ ၂နှစ်အချိန်ကြာမှ ပြုလုပ်နိုင်ခဲ့တဲ့ ပြည်သူ့ညီလာခံဟာ 'စကားပြော၊ မှတ်တမ်းတင်ရုံမျှသာ' ဖြစ်ခဲ့တယ်။]*

ဂျာတွေ မှတ်ပုံတင် ရသွားရောလား။ စစ်တွေမြို့ပေါ်လောက်ကို လွတ်လွတ်လပ်လပ် သွားလာခွင့် ရသွားရောလား။ ]

လစ်ဘရယ်တွေ ဦးဆောင်ကျင်းပတဲ့ ညီလာခံလို့ အပေါ်မှာ ရေးခဲ့တာ ဒါ့ကြောင့်ပဲ။ တချို့က ငါတို့ လစ်ဘရယ် မဟုတ်ဘူးလို့ ငြင်းချင်ငြင်းလိမ့်မယ်။ ဒါပေမယ့် ဒီ ညီလာခံက ထွက်လာတဲ့ အာဘော်ဟာ လစ်ဘရယ် အတွေးအခေါ်အောက်ကပဲ။ ဥပဒေတွေ၊ ပဋိညာဉ်တွေက 'primary' လို့ ထင်မှတ်နေတဲ့ အယူအဆတွေပဲ။ ကျောက်ဆူးကြိုး မဖြုတ်ရသေးတဲ့ လှေတစင်းပေါ်မှာ 'all inclusive' မူနဲ့အညီ အဖွဲ့ပေါင်းစုံ၊ လူပေါင်းစုံ တက်ထိုင်ပြီး 'direction' မျိုးစုံ လှော်ခတ်နေကြမယ်ဆိုရင်ဖြင့် တလက်မမှ ရွေ့မှာမဟုတ်ဘူး။ ဒီလို ညီညွတ်ရေးကိုဖြင့် အလိုမရှိပေ။ ညီညွတ်ရေးတို့၊ တပ်ပေါင်းစုတို့ အော်သူတွေ အဲဒီအချက်ကို မြင်ဖို့ အရေးကြီးတယ်။ ဒါ့ကြောင့် ကျနော်တို့ မာ့(က်စ်)ဝါဒီတွေက 'principled unity' ဖြစ်ရမယ်လို့ ပြောခြင်းဖြစ်တယ်။

ကိုတင်ဦး

စာပြီးရက်စွဲ (၁၀.၄.၂၀၂၄)

# လီနင်ဘက်မှ ခုခံချေပခြင်း

## အပိုင်း (၁)



# IN DEFENCE OF LENIN

ကြီးမြတ်သော မာ့က်စ်ဝါဒီတယောက်လည်းဖြစ်၊ ရပ်ရှားတော်လှန်ရေး ခေါင်းဆောင်တယောက်လည်း ဖြစ်တဲ့ လီနင်ဟာ လွန်ခဲ့သော နှစ်တရာက ၁၉၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၁ရက်နေ့မှာ ဆုံးပါးသွားခဲ့တယ်။ ဒီမတိုင်ခင်က လုပ်ကြံရေးသမားတဦး ပစ်လိုက်တဲ့ သေနတ်ဒဏ်ရာကြောင့် လီနင် ချက်ချင်းမသေခဲ့ပေမယ့် နောက်ဆက်တွဲ ရောဂါတွေနဲ့ ဆုံးသွားခဲ့ရတယ်။ အဲဒီအချိန်ကစပြီး ဘူဇွာသမိုင်းပညာရှင်တွေ၊ အရင်းရှင်စနစ် ဘက်တော်သားတွေကနေ အစပြုလို့ အမျိုးမျိုးသော ပြုပြင်ရေးဝါဒီတွေ၊ လစ်ဘရယ်တွေနဲ့ အနာ့ခစ်(စ်) ပေါင်းစုံဟာ လီနင့်နာမည်ကို အသရေဖျက်ဖို့၊ လီနင့် အတွေးအမြင်တွေကို ပုံဖျက်ဖို့အတွက် တောက်လျှောက် ကြိုးစားခဲ့ကြတယ်။ ဒီလူတွေက နေ့ရှိသရွေ့ လီနင်၊ မာ့က်စ်ဝါဒနဲ့ ရပ်ရှားတော်လှန်ရေးကို နာမည်ဖျက်ဖို့လောက်ပဲ သူတို့အလုပ်လို့ မှတ်ထားကြတာ။ သူတို့ ဒီလိုလုပ်နေတာ ဘဏ်သူဌေးတွေနဲ့ အရင်းရှင်ကြီးတွေရဲ့ "ဒီမိုကရက်တစ်" အုပ်စိုးမှု အကျိုးစီးပွားတွေအတွက်ပဲ။

မကြာသေးခင်က ပါမောက္ခ ရောဘတ်ဆားဗစ် ရေးထားတဲ့ "Lenin : A Political Life, The Iron Ring" အမည်ရှိ သမိုင်းစာအုပ်မှာ အခုလို ဆိုထားတယ် -

"ဒီစာအုပ်ကို မျှမျှတတပဲ [!] ရေးဖို့၊ ရှုထောင့်ပေါင်းစုံက ချဉ်းကပ်ဖို့ ကြိုးစားခဲ့ပေမဲ့လည်း ဘယ်သူမှ လီနင့်အကြောင်းကို ဘက်မလိုက်ဘဲ ရေးနိုင်မှာ မဟုတ်ဘူး။ လီနင့်ရဲ့ အာဏာရှင်ဆန်ဆန် ချုပ်ချယ်နှိပ်ကွပ်မှုတွေဟာ ကျနော့်ကို တုန်လှုပ်ချောက်ချားသွားစေတယ်"။

နောက်ထပ် "ဘက်မလိုက်လိုသော" သမိုင်းပညာရှင်တယောက်ဖြစ်တဲ့ အန်ထော်နီ ရိ(ဒ်) ကတော့ ဘယ်လိုသက်သေသက္ကာယမှ မရှိဘဲ ၁၉၀၃ ပါတီ ကွန်ဂရက်မှာ လီနင်ဟာ လူနည်းစု ဖြစ်ခဲ့တယ်၊ ပြီးတော့ (ရပ်ရှားလို လူများစုလို့ အဓိပ္ပါယ်ရသော) "ဘော်ရှီဗစ်" ဆိုတဲ့ နာမည်ကို ရွေးချယ်လိုက်တယ်၊ "လီနင်ဟာ အာဏာရဖို့ဆိုရင် ဘယ်အခွင့်အရေးကိုမှ လက်လွှတ်မခံတတ်သူပဲ"လို့ စွပ်စွဲထားတယ်။ "ဒါ့ကြောင့် ဘော်ရှီဗစ်ဇင်ဟာ ကနဦးကတည်းက အလိမ်အညာပေါ်မှာ တည်ဆောက်ထားခြင်း ဖြစ်ပြီး နောင်နှစ်ပေါင်း ကိုးဆယ်ကြာသည်[1] အထိ နမူနာယူစရာ သာဓက

တခု ဖြစ်နေဆဲ”လို့ ဆိုထားတယ်။

မစ္စတာရိ(ဒ်)က ဒေါသတကြီးနဲ့ အခုလို ဝေဖန်တိုက်ခိုက်ထားသေးတယ်။ “လီနင့်အတွက် ဒီမိုကရေစီ ဆိုတာ မရှိ၊ လူထုကိုလည်း နည်းနည်းမှ မယုံသလို အကြမ်းဖက်လိုက်ဖို့လည်း နည်းနည်းမှ ဝန်မလေးဘူး”တဲ့။ (The World on Fire, 1919 and the Battle with Bolshevism, pp.3-4, Jonathan Cape, 2008)

ဒီလို မုသာဝါဒတွေထဲမှာ အကြောင်းအရာအသစ်ရယ်လို့ မရှိဘူး။ ဒီအလိမ်အညာတွေဟာ လီနင့် ရေးသားချက်တွေအပေါ် အခြေခံမထားဘူး။ လီနင်နဲ့ ရုပ်ရှားတော်လှန်ရေးရဲ့ “မကောင်းမှု”တွေကို ဖော်ထုတ်ရာမှာ “ဇတေဒင်”ရ ပုဂ္ဂိုလ်နှစ်ဦးဖြစ်သော ပါမောက္ခ အော်လန်ဒို ဖစ်(ဂျ်စ်) နဲ့ ရောဘတ် ဆားဗစ် တို့ရဲ့ လုပ်ဇာတ်တွေကိုပဲ အခြေခံထားတယ်။ စတာလင်ဝါဒကို မွေးထုတ်ပေးလိုက်တာ လီနင်ပဲ ဆိုတဲ့ လံကြွတ်ဇာတ်ကိုတောင် ရှာရိုးကိုးပေါက် လျှောက်အော်နေလိုက်ကြသေးတယ်။

အလားတူပဲ၊ စတာလင်ဝါဒီတွေဟာလည်း လီနင့်ကို ဘာအန္တရာယ်မှ မပြုနိုင်တဲ့ ကိုးကွယ်စရာ ပြယုဂ်တခုအဖြစ် ပြောင်းပစ်လိုက်တယ်။ သူတို့ရဲ့ ရာဇဝတ်မှုတွေနဲ့ သစ္စာဖောက်မှုတွေကို တရားထူထောင်ပြဖို့ လီနင့် အတွေးအခေါ်တွေကို ဖျက်စီးခဲ့ကြတယ်။ လီနင့်ဇနီး ကရု(ပ်)စကာယာက နောင်မှာ သူ့စကားတွေကို ပြန်ကိုးကားလေ့ရှိတယ် -

“ကြီးမြတ်တဲ့ တော်လှန်ရေးသမားကြီးတွေ ဆုံးပါးသွားတဲ့နောက် သူတို့ရဲ့ သင်ကြားချက်တွေကို ပုံဖျက်ပစ်ကြတာမျိုး သမိုင်းမှာ ရှိခဲ့ဖူးပါတယ်။ လူတွေက သူတို့ကို အန္တရာယ်မရှိတဲ့ ပြယုဂ်တွေအဖြစ် ပြောင်းပစ်ကြတယ်။ သူတို့နာမည်ကို အမွှန်းတင် ဂုဏ်ပြုကြသော်လဲ သူတို့ သင်ကြားချက်တွေရဲ့ တော်လှန်ရေး အသွားကိုတော့ တုံးအောင် လုပ်ပစ်ကြတယ်။”

၁၉၂၆ခုနှစ်မှာ ကရု(ပ်)စကာယာက အခုလို ပြောခဲ့တယ် - “အခုနေ လီနင်သာ အသက်ရှင်နေဦးမယ်ဆိုရင်လဲ စတာလင် ထောင်ချထားလို့ သူလဲ ထောင်ထဲ ရောက်နေလောက်ပြီ”။

လီနင်ဟာ ကျနော်တို့ ခေတ်ရဲ့ အကြီးမြတ်ဆုံးတော်လှန်ရေးသမားတွေထဲက တယောက်ဆိုတာ သံသယဝင်စရာကို မလိုဘူး။ လီနင်ရဲ့ ကြိုးပမ်းချက်တွေကြောင့် ၁၉၁၇ အောက်တိုဘာ တော်လှန်ရေး အောင်ပွဲခံနိုင်ခဲ့တယ်။ သူ့ ကြိုးပမ်းချက်ကြောင့် ကမ္ဘာ့သမိုင်းကြောင်း ပြောင်းလဲသွားခဲ့တယ်။ လီနင့်ကြောင့်ပဲ ဆိုရှယ်လစ် တော်လှန်ရေးဆိုတာ အပြောသက်သက်ကနေ လက်တွေ့ဖြစ်လာခဲ့တယ်။ ဒါ့ကြောင့်ပဲ လီနင်ဟာ “ကမ္ဘာပေါ်က အမုန်းခံရဆုံးနဲ့ မြတ်နိုးခံရဆုံး လူသား” ဖြစ်ခဲ့တယ်။

## လီနင့်ငယ်ဘဝ

လီနင့်ကို ၁၈၇၀ခုနှစ်၊ ဗော်လဂါဒေသ ဆင်းဘက်(စ်ခ်) မြို့မှာ မွေးခဲ့တယ်။ ရုပ်ရှားမှာ အကြီးအကျယ် အုံ့ကြွနေတဲ့ အချိန်ကို ကြုံခဲ့ရတာ ဖြစ်တယ်။ ပဒေသရာဇ် မြေရှင်တပိုင်း ရုပ်ရှားနိုင်ငံကို ဇာဘုရင် သက်ဦးဆံပိုင်စနစ် အုပ်စိုးနေတဲ့ ကာလ။ ဒီ သက်ဦးဆံပိုင်စနစ်နဲ့ ရင်ဆိုင်နေရတဲ့ တော်လှန်သော ပညာတတ်တွေဟာ ပြည်သူ့ဆန္ဒပါတီရဲ့ တဦးချင်း အကြမ်းဖက်နည်းနာတွေကို မျက်စိကျခဲ့ကြတယ်။ စင်စစ် လီနင့်အကို အလက်ဇန္ဒားတောင်မှ ဇာဘုရင် အလက်ဇန္ဒား(၃) ကို လုပ်ကြံဖို့ ကြိုးစားရာမှာ ပါဝင်ခဲ့တဲ့အတွက် ကြိုးဒဏ်ပေးခံခဲ့ရတယ်။

ဒီကြေကွဲစရာ ဖြစ်ရပ်ကို ကြုံရပြီးနောက်မှာ လီနင် တက္ကသိုလ်တက်ခဲ့တယ်၊ သိပ်မကြာလိုက်ဘူး သူ့ရဲ့ နိုင်ငံရေး လှုပ်ရှားမှုတွေကြောင့် ကျောင်းထုတ်ခံလိုက်ရတယ်။ ဒါဟာ သူ့ရဲ့ နိုင်ငံရေး အာသီသကို ပိုပြီး ပြင်းထန်လာစေခဲ့တယ်။ ဒီနောက် မာ့က်စ်ဝါဒ လေ့လာရေးအစုတွေနဲ့ ချိတ်ဆက်မိသွားခဲ့တယ်။ ဒီကနေ မာ့က်စ်ရဲ့ အရင်းကျမ်းကို လေ့လာ

---

*1 မူရင်းဆောင်းပါးက ၂၀၁၄ မှာ ရေးတာမို့ နှစ်ပေါင်းကိုးဆယ်၊ အခုချိန်မှာဆို နှစ်တရာကြာသည့်တိုင်လို့ အဓိပ္ပါယ်ထွက်ပါလိမ့်မယ်။*

နိုင်တဲ့အထိ တိုးတက်လာတယ်၊ အဲဒီအချိန်တုန်းက လူနည်းစုလေးပဲ မာ့က်စ်ရဲ့ အရင်းကျမ်းကို ဖတ်နေကြသေးတာ။ နောက် အန်းဂယ်လ်စ်ရဲ့ Anti-Dühring ကျမ်းကိုဆက်လေ့လာခဲ့တယ်။

လီနင်ဟာ ပြည်ပရောက် နယ်နှင်ဒဏ်ခံ အလုပ်သမား လွတ်မြောက်ရေးအဖွဲ့ (Emancipation of Labour Group) နဲ့ ချိတ်ဆက်မိတယ်။ ဒီအဖွဲ့ကို ဦးဆောင်နေတာက ရုပ်ရှားမှာ မာ့က်စ်ဝါဒကို စတင်အုတ်မြစ်ချခဲ့တဲ့ ပလက်ခနော့ဗ်။ ပလက်ခနော့ဗ်ကို လီနင်က အယူဝါဒရေးရာ ဖခင်တယောက်အဖြစ် သဘောထားခဲ့တယ်။ အသက်၂၃နှစ် အရောက်မှာတော့ လီနင် ဆမ်မာရာကနေ စိန့်ပီတာစ်ဘတ်ကို ပြောင်းလာပြီး ကနဦး မာ့က်စ်ဝါဒီ အစုတွေထဲက တဖွဲ့ကို တည်ထောင်ခဲ့တယ်။

"သူ့အကိုဖြစ်သူ ကြိုးပေးသတ်ခံရပြီး ခြောက်နှစ်အကြာမှာ လီနင် စိန့်ပီတာစ်ဘတ်ကို ရွှေ့သွားခဲ့တယ်။ ဒီကာလ အပိုင်းအခြားဟာ တိုတောင်းသလို ရှည်လျားလွန်းတဲ့ နှစ်များလဲ ဖြစ်တယ်။ အလုပ်တွေ ဗွတ်ပေလုပ်နေခဲ့တဲ့ ဒီအတောအတွင်းမှာပဲ အနာဂတ်မှာ လီနင် ရယ်လို့ ကျော်ကြားလာမယ့်သူ ဖြစ်ထွန်းခဲ့တယ်။ သူ့ရဲ့ ကိုယ်ရည်ကိုယ်သွေး၊ ဘဝအမြင်နဲ့ သူအလုပ်လုပ်တဲ့ ပုံစံတို့ရဲ့ အခြေခံအင်္ဂါရပ်အားလုံး သူ့အသက် (၁၇)နှစ်နဲ့ (၂၃)နှစ်ကြား ခြောက်နှစ်တာ ကာလအတွင်း ဖြစ်တည်ခဲ့ပြီးပြီ" လို့ ထရော့စကီးက ရှင်းပြခဲ့တယ်။

နိုင်ငံခြား အရင်းအနှီးတွေ အပြုံလိုက်ကြီး ဝင်လာတာက ရုပ်ရှားမှာ အရင်းရှင်းစနစ် ဖြစ်ပေါ်တိုးပွားဖို့အတွက် တွန်းအားဖြစ်ခဲ့သလို ငယ်ရွယ်နုပျိုတဲ့ အလုပ်သမားလူတန်းစားကိုလည်း ပေါ်ထွက်လာစေခဲ့တယ်။ လေ့လာရေးအစုတွေ ပေါ်ထွက်လာမှုနဲ့၊ မာ့က်စ်ဝါဒ အတွေးအခေါ်ရဲ့ သက်ရောက်မှုကို တော်လှန်သော ရုပ်ရှား ဆိုရှယ် ဒီမိုကရက်တစ် ပါတီ တည်ထောင်ဖို့ ကြိုးစားချက်တွေမှာ တွေ့ရမယ်။

လီနင်ဟာ ပလက်ခနော့ဗ်နဲ့ ၁၈၉၅ ခုနှစ်ကတည်းက ဆွစ်ဇာလန်မှာ ဆုံခဲ့ပြီးပြီ။ ပြန်လာတော့ အဖမ်းခံရတယ်၊ ထောင်ချခံရတယ်၊ နယ်နှင်ဒဏ် ပေးခံရတယ်။ ရုပ်ရှား ဆိုရှယ်ဒီမိုကရက်တစ် လေဘာပါတီ (RSDLP) ရဲ့ ပထမအကြိမ် ကွန်ဂရက်ကို ၁၈၉၈ ခုနှစ်မှာ ကျင်းပခဲ့တယ်။ ဒါပေမဲ့ ကွန်ဂရက်ကို အာဏာပိုင်တွေက ဝင်စီးခဲ့လို့ ကွန်ဂရက် တက်ရောက်သူတွေ အဖမ်းခံခဲ့ရတယ်။

## မာ့က်စ်ဝါဒနဲ့ ဘော်ရှီဗစ်ဝါဒ

ပြည်နှင်ဒဏ်ကာလ ပြီးဆုံးသွားရင်ပဲ အစ္စကရာ (မီးပွား) လို့ အမည်ရတဲ့ မာ့က်စ်ဝါဒ သတင်းစာတစောင် ထုတ်ဝေနိုင်ရေးကိုပဲ လီနင် အားသွန် ကြိုးပမ်းခဲ့တယ်။ အစ္စကရာကြောင့်ပဲ မာ့က်စ်ဝါဒက လက်ဝဲ အသိုင်းအဝိုင်းကြား ဩဇာတိက္ကမကြီးတဲ့ အင်အားတခု ဖြစ်လာခဲ့တယ်။ အစ္စကရာကို ရုပ်ရှားနိုင်ငံထဲ ခိုးသွင်းခဲ့ရတယ်။ အစ္စကရာဟာ မာ့က်စ်ဝါဒီ အစုလေးတွေကို ခိုင်မာသော နိုင်ငံရေး၊ သဘောတရားရေး အခြေခံတွေပေါ်မှာ နိုင်ငံလုံးဆိုင်ရာ ပါတီတရပ်အဖြစ် စုစည်းနိုင်အောင် အကျိုးပြုခဲ့တယ်။

ဒီကာလမှာပဲ သူ့ရဲ့ နာမည်ကျော် "ဘာလုပ်ကြမလဲ"စာတမ်းကို လီနင် ရေးသားခဲ့ခြင်း ဖြစ်တယ်။ ဒီစာတမ်းထဲမှာ ပရော်ဖက်ရှင်နယ် တော်လှန်ရေးသမားတွေ၊ ဆိုလိုတာက အရေးတော်ပုံအတွက် အချိန်ပြည့် မြှုပ်နှံထားသူတွေနဲ့ ဖွဲ့စည်းထားသော ပါတီတရပ် တည်ဆောက်ရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးထားတယ်။

၁၉၀၃ ခုနှစ်မှာ ရုပ်ရှား ဆိုရှယ် ဒီမိုကရက်တစ် လေဘာပါတီရဲ့ ဒုတိယအကြိမ် ကွန်ဂရက်ကို ကျင်းပခဲ့တယ်။ ပြောမယ်ဆိုရင် ဒီတကြိမ် ကွန်ဂရက်ကမှ ပါတီ ဖွဲ့စည်းတည်ထောင်ခြင်း ကွန်ဂရက် အစစ်ပဲ။ ဒီကွန်ဂရက်မှာပဲ အစ္စကရာ ရဲဘော်တွေက ပါတီတွင်း ဩဇာကြီးမားတဲ့



အင်အားစု ဖြစ်ခဲ့တယ်။ ဒါပေမဲ့ အဖွဲ့အစည်း ကိစ္စတွေနဲ့ ပတ်သက်လို့ နောက်ပိုင်း အစီအစဉ်တွေမှာ လီနင်နဲ့ မားတော့ဗ်ကြား ဗြောင်အကွဲအပြဲ ဖြစ်သွားခဲ့တယ်။ နှစ်ယောက်လုံးက အစ္စကရာ သတင်းစာရဲ့ အယ်ဒီတာ အဖွဲ့ဝင်တွေ။ လီနင်နဲ့အတူ ရပ်တည်တဲ့ လူအများစုကို "ဘော်ရှီဗစ်တွေ"လို့ ခေါ်ခဲ့ကြပြီး၊ မားတော့ဗ်ဘက်က ရပ်တည်တဲ့ လူနည်းစုကိုတော့ "မင်ရှီဗစ်တွေ"လို့ ခေါ်ခဲ့ကြတယ်။

အကွဲအပြဲနဲ့ ပတ်သက်ပြီး ယုံတမ်းစကားတွေတော့ အများကြီးပဲ။ ဒီအကွဲအပြဲမျိုး ကြုံရလိမ့်မယ်လို့ ကွန်ဂရက်တက်ရောက်သူ အများစု ထင်မထားခဲ့ဘူး။ လီနင်ကိုယ်တိုင် မယုံနိုင်ဖြစ်ခဲ့ရတယ်။ အဲဒီအချိန်ထိ နိုင်ငံရေးအရ သဘောထားကွဲတာမျိုး မရှိသေးဘူး။ နိုင်ငံရေး သဘောထားကွဲလွဲမှုတွေ ဒီနောက်မှ ထွက်ပေါ်လာခဲ့ခြင်း ဖြစ်တယ်။ လီနင်ဟာ ဒီအင်အားစု နှစ်ရပ်ကို စေ့စပ်ဖို့ ကြိုးစားခဲ့သေးတယ် ။ အောင်တော့ မအောင်မြင်ပါဘူး။ နောင်အခါ လီနင်က ဒီအကွဲအပြဲကို နောင်ဖြစ်လာမဲ့ အရေးကြီး ကွဲလွဲချက်တွေရဲ့ "ရှေ့ပြေး"လို့ ပြောခဲ့တယ်။

ရပ်ရှား တော်လှန်ရေးအပေါ် ရှုမြင်ချက်တွေ မတူရာက ဒီကွဲလွဲချက်တွေ ထွက်ပေါ်လာခဲ့ခြင်း ဖြစ်တယ်။ အင်အားစုအားလုံးက ဖြစ်လာတော့မယ့် တော်လှန်ရေးကို "ဘူဇွာ ဒီမိုကရေစီ"တော်လှန်ရေးလို့ မြင်ခဲ့ကြတယ်။ ပြောရရင် မြေရှင်စနစ်ဟောင်းကို ဖယ်ရှားပြီး အရင်းရှင်စနစ် ဖြစ်ပေါ်တိုးပွားရေးအတွက် လမ်းရှင်းပေးမဲ့ တော်လှန်ရေးလို့ ယူဆကြတယ်။ ဒါပေမဲ့ ဒီတော်လှန်ရေးမှာ အလုပ်သမားလူတန်းစားက ဘူဇွာ လူတန်းစား ဦးဆောင်မှု နောက်ကို လိုက်ရမယ်လို့ မင်ရှီဗစ်တွေက ကြေညာခဲ့တယ်။ ဘော်ရှီဗစ်တွေကတော့ လစ်ဘရယ် ဘူဇွာတွေဟာ တော်လှန်ရေးကို ဦးမဆောင်ဘူးလို့ ယုံကြည်ထားတယ်။ အကြောင်းက သူတို့ဟာ မြေရှင်ကြီးစနစ်နဲ့ရော နယ်ချဲ့စနစ်နဲ့ပါ ပူးချည်ခံထားရသူတွေ။ ဒါ့ကြောင့် အလုပ်သမား လူတန်းစားက

လယ်သမားထု ထောက်ခံမှုကို ရယူပြီး တော်လှန်ရေးကို ဦးဆောင်ရမယ်လို့ ဘော်ရှီဗစ်တွေက ယုံကြည်တယ်။ အလုပ်သမား လူတန်းစားက "ပစ္စည်းမဲ့ လူတန်းစားနဲ့ လယ်သမား လူတန်းစား ပူးတွဲ ဒီမိုကရေစီ အာဏာရှင်စနစ် "(democratic dictatorship of proletariat and peasantry) ကို ထူထောင်သွားလိမ့်မယ်။ ဒီလို ဖြစ်သွားရင် အနောက် အရင်းရှင်နိုင်ငံတွေမှာ ဆိုရှယ်လစ် တော်လှန်ရေး ထွက်ပေါ်လာအောင် လှုပ်နှိုးပေးလိမ့်မယ်။ အနောက်မှာသာ ဆိုရှယ်လစ် တော်လှန်ရေး ဖြစ်သွားခဲ့ရင် ရုရှား တော်လှန်ရေးကို အထောက်အကူ ပေးလာမှာပဲ။

ထရော့စကီးက တတိယ အမြင် ကိုင်စွဲထားခဲ့တယ်။ တော်လှန်ရေးကို အလုပ်သမား လူတန်းစားကပဲ ဦးဆောင်နိုင်မယ်ဆိုတဲ့ အချက်မှာ လီနင်နဲ့ အမြင်တူတယ်။ ဒါပေမဲ့ အလုပ်သမား လူတန်းစားက တော်လှန်ရေး လမ်းခုလပ်မှာ ရပ်နေနိုင်မှာ မဟုတ်ဘူး၊ ဆိုရှယ်လစ် လုပ်ငန်းစဉ်တွေကို ဆက်လုပ်သွားလိမ့်မယ်၊ ဒါသည်ပင် ကမ္ဘာ့ ဆိုရှယ်လစ် တော်လှန်ရေးရဲ့ အရဏ်ဦး ဖြစ်သွားလိမ့်မယ်လို့ ထရော့စကီး ယုံကြည်ခဲ့တယ်။ အဆုံးမတော့ ၁၉၁၇ အောက်တိုဘာ တော်လှန်ရေး လက်တွေ့ဖြစ်ရပ်တွေက ထရော့စကီးရဲ့ "စဉ်ဆက်မပြတ် တော်လှန်ရေး"ဟောကိန်း မှန်ကန်ကြောင်း သက်သေပြပေးသွားခဲ့တယ်။

## အင်တာနေရှင်နယ်ဝါဒ

၁၉၀၅ ရုရှား တော်လှန်ရေးက အလုပ်သမား လူတန်းစားရဲ့ ဦးဆောင်မှု အခန်းကဏ္ဍကို လက်တွေ့ပြသွားခဲ့တယ်။ လစ်ဘရယ်တွေ အပြေးအလွှား ပုန်းရှောင်ကြချိန် ၊ အလုပ်သမားတွေက ဆိုဗီယက်တွေကို ထူထောင်ခဲ့တယ် ။ လီနင်က ဒီဆိုဗီယက်တွေကို အလုပ်သမား လူတန်းစား အုပ်စိုးမှုရဲ့ သန္ဓေသားလို့ အသိအမှတ်ပြုခဲ့တယ်။ တော်လှန်ရေးနဲ့အတူ ရုရှား ဆိုရှယ် ဒီမိုကရက်တစ် လေဘာပါတီလဲ အင်အားကောင်းလာခဲ့တယ်။ ဒီရေမြင့်သစ် အခြေအနေက ပါတီတွင်း အင်အားစုနှစ်ရပ်ကို ကျောချင်းကပ်သွားစေခဲ့တယ်။

ဒါပေမဲ့ ၁၉၀၅ တော်လှန်ရေး ရှုံးနိမ့်သွားတဲ့အခါ အလွန်ရက်စက်သော ဖောက်ပြန်ရေး ကာလကြီးကို ရင်ဆိုင်ခဲ့ရတယ်။ ပါတီဟာ အခက်အခဲ မီးပင်လယ်ပြင်ထဲ လက်ပစ်ကူးခဲ့ရပြီး လူထုနဲ့ ပိုပိုပြီး ကင်းကွာလာခဲ့တယ်။ ဘော်ရှီဗစ်တွေနဲ့ မင်ရှီဗစ်တွေကြား နိုင်ငံရေးဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာ အကွဲအပြဲတွေ ပိုကြီးမားလာခဲ့တယ်၊ ၁၉၁၂ ခုနှစ်ကျတော့ ဘော်ရှီဗစ် အင်အားစုက သီးခြားပါတီတရပ် အဖြစ် ရပ်တည်လိုက်တယ်။

ဒီနှစ်ကာလများမှာ ထရော့စကီးက ဘော်ရှီဗစ်နဲ့ မင်ရှီဗစ်တွေကြား "ရင်ကြားစေ့ပေးသူ" အဖြစ် ရပ်တည်ခဲ့တယ်။ ဘယ်အင်အားစုမှာမှ မပါဘဲ သီးခြားရပ်တည်ခဲ့တယ် ။ အုပ်စုနှစ်စု "ညီညွတ်ရေး"ကို လှုံ့ဆော်ခဲ့တယ်။ ဒီကိစ္စကြောင့်ပဲ လီနင်နဲ့ ထိပ်တိုက်တွေ့ခဲ့ရတယ်။ လီနင်က ဘော်ရှီဗစ် အင်အားစုရဲ့ နိုင်ငံရေးဆိုင်ရာ လွတ်လပ်အမှီအခိုကင်းမှုကို အထိအပါး မခံခဲ့ဘူး။ နောင်မှာ စတာလင်နစ်(စ်)တွေက ထရော့စကီးရဲ့ သိက္ခာချဖို့ အဲဒီပဋိပက္ခကို အသုံးချလာကြတယ်။ လီနင်က သူ့ရဲ့ သေတမ်းစာမှာ ထရော့စကီးရဲ့ "ဘော်ရှီဗစ် မဟုတ်ခဲ့သော အတိတ်"ကို အသုံးချပြီး ဆန့်ကျင်ထိုးနှက်ခြင်း မပြုရလို့ အတိအလင်း ထည့်ရေးထားခဲ့ပေမယ့် မရဘူး။ အမြဲပုံဖျက် ထိုးနှက်လေ့ရှိတယ်။

၁၉၁၂ နောက်ပိုင်း အလုပ်သမား လှုပ်ရှားမှုတွေ တကျော့ပြန် အားကောင်းလာတဲ့အခါ ဘော်ရှီဗစ် ပါတီအပေါ် ထောက်ခံမှုလဲ သိသိသာသာကြီး တိုးလာခဲ့တယ်။ ရုရှား အလုပ်သမား အများစုကြီးက ဘော်ရှီဗစ် ပါတီကို ထောက်ခံခဲ့ကြတာ ဖြစ်တယ်။ ဒါပေမဲ့ ပထမ ကမ္ဘာစစ်ကြီး ထဖြစ်တော့ အဲဒီတိုးတက်မှုလဲ ရပ်တန့်သွားခဲ့တယ်။

၁၉၁၄ ဩဂုတ်စ်မှာ ဒုတိယ အင်တာနေရှင်နယ် ခေါင်းဆောင်တွေ (ပစ္စည်းမဲ့ လူတန်းစားကို) သစ္စာဖောက်

ပြီး၊ (အရင်းရှင်တွေကို) အရှုံးပေးလိုက်ခြင်းဟာ နိုင်ငံတကာ ဆိုရှယ်လစ်ဇင်ကို အရှိုက်ထိုးလိုက်သလိုပဲ။ တကယ်တော့ ဒါဟာ ဒုတိယ အင်တာနေရှင်နယ် သေဆုံးသွားခြင်းပဲ။

၁၉၁၅ ဇင်မာဝဲလ်ဒ်မှာ ကျင်းပတဲ့ နယ်ချဲ့စစ်ဆန့်ကျင်ရေး ကွန်ဖရင့်မှာ ကမ္ဘာတလွှားက လက်တဆုပ်စာ အင်တာနေရှင်နယ်ဝါဒီတွေ ပြန်စုစည်းမိကြတယ်။ အလုပ်သမား အင်တာနေရှင်နယ် အသစ် ထူထောင်ဖို့ လိုအပ်ကြောင်း အဲဒီကွန်ဖရင့်မှာပဲ လီနင် ပြောခဲ့တယ်။ အမှောင်ဖုံးနေတဲ့ နှစ်တွေကို ရင်ဆိုင်ခဲ့ရတယ်။ မာ့က်စ်ဝါဒ အင်အားစုတွေ လုံးဝ အထီးတည်း ဖြစ်သွားခဲ့ပြီ။ တော်လှန်ရေး အလားအလာက ရှေ့မှာ ဝါးတားတားပဲ ရှိတယ်။ ၁၉၁၇ ဇန်နဝါရီက ဇူးရစ်ချ် မြို့မှာ ပြုလုပ်တဲ့ ဆွစ်ဇ် လူငယ် ဆိုရှယ်လစ်များ အစည်းအဝေးမှာ လီနင် မိန့်ခွန်းပြောခဲ့တယ်။ အဲဒီအစည်းအဝေးမှာ လီနင်က "အခြေအနေတွေဟာ သေချာပေါက် ပြောင်းလဲသွားမှာပါ၊ ဒါပေမဲ့ တော်လှန်ရေးကို မျက်မြင်ကြုံရဖို့အထိတော့ သူ နေရမယ် မထင်ဘူး" လို့ မှတ်ချက်ပြုခဲ့တယ်။ ဒါပေမဲ့ တလဆိုတဲ့ အချိန်လေးအတွင်းမှာပဲ ရုပ်ရှား အလုပ်သမား လူတန်းစားက ဇာဘုရင်စနစ်ကို ဖြုတ်ချပစ်ခဲ့ပြီး အာဏာနှစ်ရပ် စင်ပြိုင်တည်ရှိနေသော အခြေအနေ[2] ရောက်ရှိသွားခဲ့တယ်။ နောက်ကိုးလအကြာမှာ လီနင်က ပြည်သူ့ ကော်မစ်ဆာများ[3] အစိုးရကို ခေါင်းဆောင်နေရပြီ။

## ရုပ်ရှားတော်လှန်ရေး

ဇူးရစ်ချ်မှာ ရှိနေတုန်းမို့ လီနင်ဟာ ရုပ်ရှားက နောက်ဆုံးရ သတင်းတွေ သိရအောင် သတင်းစာတွေကို သည်းကြီးမည်းကြီး စောင့်ဖတ်ရတယ်။ အဲဒီအချိန်တုန်းက ဆိုရှယ်လစ် ရက်ဗလူရှင်နရီ ပါတီဝင်တွေ (SRs) နဲ့ မင်ရှီဗစ်တွေ ကြီးစိုးနေသော ဆိုဗီယက်တွေဟာ သက်ဦးဆံပိုင်စနစ် ဘက်တော်သား မင်းသားကြီး လုဗိုဗ် (Lvov) ဦးဆောင်နေတဲ့ ကြားဖြတ်အစိုးရလက်ထဲ အာဏာ ထိုးအပ်လိုက်တယ်။ ဒီသတင်းကို သိသိချင်းမှာပဲ တွေဝေယိမ်းယိုင်နေတဲ့ ကာမီညက်ဖ်နဲ့ စတာလင်ဆီ လီနင်က ကြေးနန်းရိုက်တယ်။ "ကြားဖြတ်အစိုးရကို လုံးဝ မထောက်ခံနဲ့။ ကယ်ရင်နစ်ကီကို လုံးဝ မယုံနဲ့"

ပြည်ပက စာလှမ်းရေးပြီး လီနင်က ခုလို သတိပေးခဲ့တယ် -

"ငါတို့ တော်လှန်ရေးက ဘူဇွာတော်လှန်ရေးဖြစ်တယ်၊ ဒါကြောင့် အလုပ်သမားထုက ဘူဇွာ လူတန်းစားကို ထောက်ခံရမယ်လို့ Potresovs၊ Gvozdyovs နဲ့ Chkheidzes တို့က ပြောကြတယ်။ အရင်က ပလက်ခနော့ဗ် ပြောခဲ့သလို သံယောင်လိုက်နေကြတာပဲ။

"ဒါဟာ ဘူဇွာ တော်လှန်ရေးပဲလို့ ငါတို့ မာ့က်စ်ဝါဒီတွေ ပြောတယ်၊ ဒါကြောင့်ပဲ ဘူဇွာ နိုင်ငံရေးသမားတွေရဲ့ ကောက်ကျစ်စဉ်းလဲမှုတွေကို လူထု မြင်လာအောင် အလုပ်သမားထုက လုပ်ပေးရမယ်၊ လူထုကိုယ်တိုင် ကိုယ့်အင်အား၊ ကိုယ့်အဖွဲ့အစည်း၊ ကိုယ့်ညီညွတ်မှုနဲ့ ကိုယ်ပိုင်လက်နက်ကိုပဲ ယုံကြည်အားထားဖို့၊ ဘူဇွာတွေရဲ့ အပြောကို မယုံစားဖို့ သင်ကြားပေးရမယ်။ အလုပ်သမား လူတန်းစားနဲ့ လူထုတရပ်လုံးရဲ့ အဖွဲ့အစည်း ဆိုပြီး အံ့သြလောက်အောင် စုစည်းမှုတွေ ခင်ဗျားတို့ လုပ်နိုင်ရမယ်၊ ဒီလို အံ့ဖွယ်သူရဲ စွမ်းဆောင်ထားနိုင်မှ တော်လှန်ရေး ဒုတိယ အဆင့်မှာ အောင်ပွဲအရယူနိုင်လိမ့်မယ်။"

ဆွစ်ဇ် အလုပ်သမားတွေဆီ ရေးတဲ့ နှုတ်ဆက်စာထဲမှာ လီနင်က အဓိကလုပ်ငန်းကို အခုလို ရှင်းပြခဲ့တယ်။ "ငါတို့ရဲ့ တော်လှန်ရေးကို ကမ္ဘာ့ ဆိုရှယ်လစ် တော်လှန်ရေးရဲ့ အဖွင့်နိဒါန်းဖြစ်လာအောင် လုပ်ကြ"။

---

*2 . ၁၉၁၇ ဖေဖော်ဝါရီ တော်လှန်ရေးအပြီးမှာ အလုပ်သမားထု ကိုယ်စားလှယ်များ၊ လယ်သမားထု ကိုယ်စားလှယ်များ၊ စစ်သား ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော ဆိုဗီယက်တွေနဲ့ လစ်ဘရယ် ဘူဇွာကြားဖြတ်အစိုးရ ဆိုပြီး အာဏာနှစ်ရပ် စင်ပြိုင် ဖြစ်နေခဲ့တယ်။*

***3 . Peoples' Commissars***

၁၉၁၇၊ ဧပရယ်လ် (၃)ရက်နေ့ ရုပ်ရှားကို လီနင် ပြန်ရောက်တော့ သူ့ရဲ့ ဧပရယ် စစ်တမ်းတွေကို တင်ခဲ့တယ်။ ဒုတိယတချီ ရုပ်ရှား တော်လှန်ရေးဟာ ကမ္ဘာ့ ဆိုရှယ်လစ် တော်လှန်ရေးရဲ့ ပထမ ခြေလှမ်း ဖြစ်ရမယ်လို့ ဆိုထားတယ်။ ဒီရေမြင့်သစ် အခြေအနေကို အမီမလိုက်နိုင်ဘဲ နောက်ကျကျန်နေခဲ့တဲ့ ဘော်ရှီဗစ် လူဟောင်းကြီးတွေကို ဆန့်ကျင်ပြီး ဘော်ရှီဗစ် ပါတီကို ‘လက်နက် ပြန်တပ်ဆင်ဖို့’ လီနင် တိုက်ခဲ့ရတယ်။


“အခုချိန်မှာ ‘ပစ္စည်းမဲ့ လူတန်းစားနဲ့ လယ်သမားလူတန်းစားရဲ့ တော်လှန်သော ဒီမိုကရက်တစ် အာဏာရှင်စနစ်’ကို လာပြောနေတဲ့ သူတွေဟာ အတိတ်ကာလမှာ ပြတ်ကျန်နေခဲ့တဲ့ လူတွေပဲ။ အဲဒါကြောင့် ဒီလူတွေဟာ ပစ္စည်းမဲ့ လူတန်းစား တိုက်ပွဲကို ဆန့်ကျင်ပြီး ပက်တီးဘူဇွာ လူတန်းစားဘက်ကို ရောက်သွားတော့တယ်။ ဒီလို လူတွေကို တော်လှန်ရေးအကြို ရှေးဟောင်း ‘ဘော်ရှီဗစ်’မော်ကွန်းတိုက်ထဲ ထည့်ထားသင့်တယ်။ (‘ဘော်ရှီဗစ်ဟောင်းကြီးများ’ မော်ကွန်းတိုက်လို့ ခေါ်နိုင်လိမ့်မယ်)” လီနင်ဟာ ပါတီဝင်ထုရဲ့ ထောက်ခံမှုရလာအောင် ကြိုးစားခဲ့တယ်။ သူ့အမြင်တွေကို “ထရော့စကီးဝါဒ”လို့ ရွဲ့တဲ့တဲ့ စွပ်စွဲပြောဆိုနေတဲ့ ပါတီ ခေါင်းဆောင်ပိုင်းရဲ့ ခုခံငြင်းဆန်မှုကို ကျော်လွှားခဲ့ရတယ်။ အမှန်တော့ လီနင်က ထရော့စကီးရဲ့ “စဉ်ဆက်မပြတ် တော်လှန်ရေး သဘောတရား” ရပ်တည်ချက်ဆီ သူ့နည်းနဲ့သူ ရောက်ရှိသွားခြင်း ဖြစ်တယ်။

မေလထဲမှာ ထရော့စကီး ရုပ်ရှားကို ပြန်ရောက်လာတယ်။ ဒါတောင် ကနေဒါမှာ ဗြိတိန်အာဏာပိုင်တွေ ထိန်းသိမ်းတာ ခံလိုက်ရသေးတယ်။ “ကျနော် ပီထရိုဂရက်ကို ပြန်ရောက်ပြီး နှစ်ရက်မြောက်မှာလား၊ သုံးရက်မြောက်မှာလားတော့ မသိဘူး၊ လီနင်ရဲ့ ဧပရယ်လ် စစ်တမ်းများကို ဖတ်ရတယ်။ တော်လှန်ရေးက လိုအပ်နေတာ ဒါပဲ”လို့ ထရော့စကီးက ရှင်းပြခဲ့တယ်။ လီနင်နဲ့သူ တွေးပုံတူတယ်။ လီနင်နဲ့ သဘောတူညီချက်ယူပြီး ထရော့စကီးက Inter-District Organisation ကို ဝင်ခဲ့တယ်။ အဲဒီအဖွဲ့အစည်းကို ဘော်ရှီဗစ်တွေဘက် သိမ်းသွင်းစည်းရုံးဖို့ ရည်ရွယ်ထားခဲ့တယ်။ ထရော့စကီးက ဘော်ရှီဗစ်တွေနဲ့ နီးနီးကပ်ကပ် လက်တွဲ အလုပ်လုပ်ခဲ့တယ်၊ နေရာတိုင်းမှာ သူ့ကိုယ်သူ “ကျနော်တို့ နိုင်ငံတကာ့ဝါဒီ-ဘော်ရှီဗစ်တွေက” ဆိုတာမျိုး အမြဲသုံးခဲ့တယ်။

နိုင်း(လ်)မွန် မြန်မာပြန်

အပိုင်း (၂)ကို ဆက်လက်ဖော်ပြပါမည်။ (၂၀၁၄ တုန်းက Socialist Appeal အယ်ဒီတာ Rob Sewell ရေးခဲ့တဲ့ In Defence of Lenin ဆောင်းပါးကို မြန်မာလို ဆီလျော်အောင် ဘာသာပြန်ထားတာ ဖြစ်ပါတယ်)

# MARXISM Frequently asked questions



## မာ့က်စ်ဝါဒဆိုင်ရာ သိကောင်းစရာ အခြေခံ အမေးအဖြေများ

### ● မာ့က်စ်ဝါဒဆိုတာ ဘာလဲ

မာ့က်စ်ဝါဒဆိုတာ ကားလ်ဟိန်းနရစ်ချ်မာ့က်စ်ရဲ့ ရှုမြင်ချက်နဲ့ သင်ကြားချက်တွေကို စနစ်တကျ စီစဉ် စုစည်းထားချက်ပဲ ဖြစ်တယ်။ မာ့က်စ်ဟာ ၁၉ရာစုရဲ့ အဓိက အတွေးအမြင်စနစ် (ideology) ရေစီးကြောင်း သုံးသွယ်ကို ဆက်လက်ဖွံ့ဖြိုးတိုးတက်စေပြီး ပြီးပြည့်စုံစေခဲ့တယ်။ ဒီရေစီးကြောင်း သုံးသွယ်ဟာ အဲဒီခေတ်အခါတုန်းက လူသားမျိုးနွယ်ရဲ့ ရှေ့တန်းအရောက်ဆုံးသော နိုင်ငံကြီး သုံးခုကို ကိုယ်စားပြုတယ်။ ပြောမယ်ဆိုရင် ဂျာမန် ဒဿနိကဗေဒ၊ အင်္ဂလိပ် စံတော်ဝင် နိုင်ငံရေးဘောဂဗေဒ၊ နောက် ပြင်သစ်တော်လှန်ရေး သင်ကြားချက်တွေနဲ့ ပေါင်းစပ်ထားတဲ့ ပြင်သစ်ဆိုရှယ်လစ်ဝါဒတို့ပဲ။

[မာ့က်စ်ဝါဒကို မာ့က်စ်နဲ့ ဖရီဒရစ်ခ် အန်းဂယ်လ်စ်တို့ သက်ရှိထင်ရှား ရှိစဉ်အခါတုန်းက *သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ*လို့ ခေါ်ပါတယ်။ မာ့က်စ်ဝါဒမှာ အဘိဓမ္မာ (တနည်းအားဖြင့် ဒဿနိကဗေဒ)ပိုင်းအရ *ဒိုင်ယာလက်တစ်ရုပ်ဝါဒ*၊ နောက် လူ့သမိုင်း ဖြစ်ပေါ်တိုးတက်မှုကို ဒိုင်ယာလက်တစ် နည်းလမ်းသုံးပြီး လေ့လာတဲ့ *သမိုင်းရေးရုပ်ဝါဒ*နဲ့ နိုင်ငံရေး ဘောဂဗေဒအပိုင်းကို ဒိုင်ယာလက်တစ် နည်းလမ်းသုံးပြီး ခွဲခြမ်းစိတ်ဖြာထားတဲ့ *မာ့က်စ်ဝါဒ နိုင်ငံရေးဘောဂဗေဒ* ရယ်လို့ သုံးပိုင်း ပါဝင်တယ်။ ဘာသာပြန်သူ၏ မှတ်ချက်]

မာ့က်စ်ရဲ့ အမြင်တွေဟာ အံ့အားသင့်လောက်ဖွယ် ရှေ့နောက်ညီညွတ်မှု ရှိပြီး၊ ခိုင်မာမှုလည်း ရှိတယ်။ ဒီအချက်ကို သူ့ရန်သူတွေကတောင် အသိအမှတ်ပြုခဲ့ရတယ်။ မာ့က်စ်ရဲ့ အမြင်တွေကို စုစည်းလိုက်တဲ့အခါ ခေတ်သစ်ရုပ်ဝါဒနဲ့ ခေတ်သစ် သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒတို့ ပေါ်ထွက်လာတယ်။ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒဟာ ကမ္ဘာ့ နိုင်ငံအသီးသီးက အလုပ်သမားလူတန်းစား လှုပ်ရှားမှုရဲ့ သီအိုရီနဲ့ လုပ်ငန်းစဉ် ဖြစ်လာတယ်။

## ● မာ့က်စ်-လီနင်ဝါဒနဲ့ ထရော့စကီးဝါဒ ဆိုတာတွေက ဘာတွေလဲ

တော်လှန်သော မာ့(က်စ်)ဝါဒီတွေနဲ့ ပြုပြင်ရေးဝါဒီတွေကို ခွဲခြားဖော်ပြဖို့ ဒီဝေါဟာရကို သုံးကြတယ်။ တော်လှန်သော မာ့က်စ်ဝါဒီတွေက တည်ဆဲ အရင်းရှင်စနစ်ကို စနစ်သစ်တရပ်နဲ့ အလုံးစုံ အစားထိုးပစ်ရမယ်လို့ မြင်ပါတယ်။ ဒါနဲ့ ဆန့်ကျင်ဘက်ပဲ ပြုပြင်ရေးဝါဒီတွေကတော့ အရင်းရှင်စနစ်ကို 'လူသားဆန်လာအောင်' ပြင်ယူနိုင်တယ်လို့ မြင်ကြတယ်။ မဖြစ်နိုင်တဲ့ ကိစ္စပဲ။ လီနင်ဝါဒဆိုတာက အရင်းရှင်နယ်ချဲ့ခေတ်မှာ မာ့က်စ်ရဲ့ အတွေးအမြင်တွေကို ဆက်လက်တိုးချဲ့ထားခြင်းသာ ဖြစ်ပါတယ်။ လီနင်ဝါဒနဲ့ မာ့(က်စ်)ဝါဒက သီးခြားမဟုတ်သလို ဆန့်ကျင်ဖက်လဲ မဟုတ်ဘူး။ (အရင်းရှင်နယ်ချဲ့ခေတ်ဆိုတာ ဘဏ္ဍာအရင်းနဲ့ လက်ဝါးကြီးအုပ် အရင်းရှင် လုပ်ငန်းစုကြီးတွေ လွှမ်းမိုးခြယ်လှယ်သော ခေတ်၊ အင်အားကြီးနိုင်ငံတွေရဲ့ အကျိုးစီးပွားအလို့ငှာ ကိုလိုနီနိုင်ငံတွေကို ဗိုလ်ကျမင်းမူတဲ့ခေတ်)။

ဒါပေမဲ့ မာ့က်စ်-လီနင်ဝါဒဆိုတဲ့ အသုံးအနှုန်းနဲ့ ပတ်သက်ပြီး ရှုပ်ထွေးမှုတွေ ရှိနေသေးတယ်။ စတာလင်၊ မော် နောက်လိုက်တွေ ရှိသလို ထရော့စကီး နောက်လိုက်တွေလဲ ရှိတယ်။ စတာလင်နဲ့ မော်တို့ဟာ မာ့က်စ်ဝါဒီတွေ (လုံးဝ) မဟုတ်ဘူး။ တကယ်တော့ စတာလင်နဲ့ မော်တို့ဟာ မာ့က်စ်ဝါဒ ဆန့်ကျင်ရေးသမားတွေသာ ဖြစ်တယ်။ စတာလင်နဲ့ မော်တို့ ခေါင်းဆောင်ခဲ့တဲ့ အစိုးရစနစ်တွေဟာ အလုပ်သမားထုကိုယ်တိုင် ဒီမိုကရေစီနည်းကျ ပဲ့ကိုင်မောင်းနှင်တဲ့ အစိုးရစနစ် မဖြစ်ခဲ့ဘူး၊ ထိပ်ပိုင်း ဗျူရိုကရက်အလွှာတခုက အကြွင်းမဲ့ ချုပ်ကိုင်ထားတဲ့ အာဏာရှင်စနစ်တွေသာ ဖြစ်ခဲ့တယ်။ စတာလင်၊ မော်တို့ ဦးဆောင်သော အဲဒီ ဗျူရိုကရက် အလွှာဟာ အလုပ်သမား နိုင်ငံတော်ပေါ်က ကပ်ပါးတွေသာ ဖြစ်ခဲ့တယ်။

၁၉၂၄ ခုနှစ်မှာ လီနင်ကွယ်လွန်သွားတော့ စတာလင်ရဲ့ ဖောက်ပြန်ရေး ပေါ်လစီတွေကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့တဲ့ ဘော်ရှီဗစ် လက်ဝဲ အတိုက်အခံအင်အားစု (Left Opposition) ကို ဦးဆောင်ခဲ့သူဟာ လီယွန် ထရော့စကီးပဲ။ ထရော့စကီးဝါဒဟာ တကယ်တော့ မာ့က်စ်-လီနင်ဝါဒရဲ့ အဆက်ပါပဲ။ လူအတော်များများက စတာလင်ဝါဒီတွေနဲ့ ကွဲကွဲပြားပြားဖြစ်သွားအောင် ထရော့စကီးဝါဒ ဆိုတဲ့ စကားလုံးကို အသုံးပြုခြင်း ဖြစ်တယ်။ ကျနော်တို့ဟာ ထရော့စကီးရဲ့ အမြင်တွေကို သဘောတူ ထောက်ခံတယ်။ ထရော့စကီးကို မာ့က်စ်-လီနင်ဝါဒ ဆက်လက် ဖွံ့ဖြိုးစေသူလို့ မြင်တယ်။ ဒါပေမဲ့ ထရော့စကီးဝါဒ ဆိုတဲ့ စကားလုံးမှာ မလိုလားတဲ့ ဂယက်အနက်တွေ ရှိနေတယ် (ဒါကလဲ ထရော့စကီးဝါဒီဆိုသူ အတော်များများရဲ့ တယူသန် လက်ဝဲစွန်းနည်းနာနဲ့ ပေါ်လစီတွေကြောင့်ပဲ)။ ဒီအတွက်ကြောင့် ကျနော်တို့ကတော့ မာ့(က်စ်)ဝါဒီ (သို့) လီနင်ဝါဒီလို့ပဲ ခေါ်ဝေါ်သုံးစွဲပါတယ်၊ ထရော့စကီးရဲ့ အတွေးအခေါ်တွေက မာ့(က်စ်)ဝါဒ(တနည်း) လီနင်ဝါဒကို ဆက်လက်တိုးချဲ့ထားခြင်းသာ ဖြစ်နေလို့ပဲ။ ထရော့စကီးက မာ့(က်စ်)ဝါဒ သီအိုရီကို အများကြီး အကျိုးပြုခဲ့တယ်။ ဒီထဲက အရေးအကြီးဆုံး အကျိုးပြုချက် နှစ်ခုကို နမူနာထုတ်ပြရရင် စတာလင်နစ်ဇင်ရဲ့ သဘောသဘာဝကို သိပ္ပံနည်းကျ ဆန်းစစ်သုံးသပ်နိုင်ခြင်းနဲ့ စဉ်ဆက်မပြတ် တော်လှန်ရေး သဘောတရားတွေပဲ ဖြစ်ပါတယ်။ စဉ်ဆက်မပြတ် တော်လှန်ရေး အတွေးအခေါ်တွေဟာ ကိုလိုနီနိုင်ငံတွေနဲ့ အထူးအပ်စပ်တဲ့ သီအိုရီတရပ်လဲ ဖြစ်တယ်။

## ● သူတို့ကိုယ်သူတို့ "ဆိုရှယ်လစ်" ပြောကြတာလဲ ရှိတယ်၊ ဘာကိုဆိုလိုချင်တာလဲ

ဆိုရှယ်လစ်လို့ဆိုရာမှာ အဓိကအားဖြင့် နှစ်မျိုးနှစ်စား ရှိတယ်။ အရင်း အုပ်စိုးမှုနဲ့ အခစား အလုပ်ကို အပြီးတိုင် ဖျက်သိမ်းပစ်ဖို့ တိုက်ပွဲဝင်နေတဲ့ စစ်မှန်သော

ဆိုရှယ်လစ်တွေနဲ့ ပြုပြင်ရေးဝါဒီတွေပဲ။ ပြုပြင်ရေးဝါဒီအများစုဟာ သူတို့ကိုယ်သူတို့ ဆိုရှယ်လစ်လို့ ပြောကြတယ်။ ဒါပေမဲ့ သူတို့ဟာ အရင်းရှင်စနစ် ဆက်လက်တည်ရှိမှုကို လက်ခံထားတဲ့အတွက် သူတို့ရဲ့ ပေါ်လစီတွေဟာ အရင်းရှင်စနစ်ကို အထောက်အပံ့ပြုရာ ရောက်သွားတယ်။ ဥရောပက "ဆိုရှယ်လစ်ပါတီ" အမြောက်အမြားဟာ အဓမ္မနယ်ချဲ့ရည်မှန်းချက်တွေ နောက်လိုက်ရင်း အတင်းအကြပ်ချွေတာရေးနဲ့ လူထု အသုံးစရိတ် ဖြတ်တောက်ရေး ပေါ်လစီတွေကို အကောင်အထည်ဖော်ပေးကြတယ်။ မာ့က်စ်ဝါဒအသုံးအနှုန်းအရဆိုရင် ဆိုရှယ်လစ်စနစ်ဆိုတာ အရင်းရှင်စနစ်ကနေ ကွန်မြူနစ် လူ့အဖွဲ့အစည်းဆီ အကူးအပြောင်းကာလလို့ ယေဘုယျ သတ်မှတ်ထားတယ်။ "တဦးချင်းစီ အစွမ်းရှိသလောက်လုပ်၊ လူ့အဖွဲ့အစည်းကနေ လိုအပ်သလောက် ပြန်ရနိုင်သော" စနစ်ဆီ ကူးပြောင်းနေဆဲ အဆင့်ကို ဆိုရှယ်လစ် ကာလလို့ ပြောခြင်းဖြစ်တယ်။ အရင်းရှင်စနစ်ကို ဖျက်သိမ်းပစ်ပြီး အလုပ်သမားထုကိုယ်တိုင် ဒီမိုကရေစီနည်းကျ ပဲ့ကိုင်မောင်းနှင်တဲ့ ဆိုရှယ်လစ်စနစ်ထူထောင်ရေး ရည်မှန်းချက်ကို ကိုင်စွဲထားသရွေ့ မာ့(က်စ်)ဝါဒီလို့ပဲခေါ်ခေါ်၊ ဆိုရှယ်လစ်လို့ပဲခေါ်ခေါ် အတူတူပါပဲ။ "ဆိုရှယ်လစ်" အမည်ခံ လူအတော်များများကို သတိထားကြည့်ဖို့ လိုတယ်။ ဝါဝါမြင်တိုင်း ရွှေအစစ် မထင်လိုက်နဲ့၊ အပေါ်ယံ ရွှေမှုန်ကြဲ အတွင်းနောက်ချေးခဲ ဖြစ်နေတတ်တယ်။

## ● ဆိုရှယ်လစ်စနစ်နဲ့ ကွန်မြူနစ်စနစ် ဘာကွာသလဲ

မီဒီယာတွေနဲ့ ကျနော်တို့ကြုံခဲ့ရတဲ့ ပညာရေးစနစ်ကြောင့် လူအတော်များများက "ဆိုရှယ်လစ်"၊ "ကွန်မြူနစ်" ဆိုတဲ့ စကားလုံးတွေကို မာ့(က်စ်)ဝါဒထူထောင်သူတွေကနဦး ရည်ရွယ်ခဲ့သလို နားမလည်ကြတော့ဘူး။ ဒီလိုနားလည်မှု ရှုပ်ထွေးရတဲ့ အကြောင်းရင်းက ရိုးရှင်းပါတယ်။ ဒီကနေ့ခေတ် အမည်ခံ"ဆိုရှယ်လစ်"ပါတီတွေဟာ ဆိုရှယ်လစ်တွေ မဟုတ်ဘူး၊ နောက် "ကွန်မြူနစ်စနစ်"ဆိုတာကိုလဲ လူအများစုက စတာလင်ရဲ့ အကြွင်းမဲ့အာဏာရှင်စနစ် ဆိုဗီယက်ယူနီယံနဲ့ပဲ တွဲမြင်နေကြတယ်။ ဒါပေမဲ့ သိပ္ပံနည်းကျ ဆိုရှယ်လစ်တွေ (မာ့က်စ်ဝါဒီတွေကို ခေါ်တဲ့ မူရင်းအသုံးအနှုန်း) အတွက်တော့ ဒီစကားလုံးတွေမှာ တိကျပြတ်သားတဲ့ အနက်အဓိပ္ပါယ်တွေ ရှိတယ်။ ဒီစကားလုံးတွေကနေ အတိအကျ ရည်ညွှန်းထားတဲ့ လူမှုစနစ်တွေ ရှိတယ်။ မာ့က်စ်ဝါဒီတွေအတွက် ဆိုရှယ်လစ်စနစ်ဆိုတာ ကုန်လုပ်ပစ္စည်းတွေကို ပုဂ္ဂလိက ပိုင်ဆိုင်ထားတဲ့ ဂုပ်သွေးစုပ် အရင်းရှင် စနစ်ကနေ လူတန်းစားမဲ့ကွန်မြူနစ် လူ့ဘောင်ဆီ ကူးပြောင်းဆဲ ကြားကာလကို ရည်ညွှန်းခြင်း ဖြစ်တယ်။ ကွန်မြူနစ် လူ့အဖွဲ့အစည်းမှာ နိုင်ငံတော်ရယ်လို့ မရှိတော့ဘူး၊ ဖိအားတွေကြောင့် အလုပ်လုပ်နေရတာမျိုး မရှိတော့သလို နိုင်ငံတော် ပိုင်နက်စည်းဆိုတာတွေ မရှိတော့ဘူး၊ စသည်ဖြင့်ပေါ့။

အရင်းရှင်စနစ်မှာ လူ့အဖွဲ့အစည်းကို လက်တဆုပ်စာ ရေပေါ်ဆီ သူဌေးတွေက အုပ်ချုပ်တယ်။ အမြတ်အစွန်းကို ရဖို့ အလုပ်သမားထုကို သွေးစုပ်ခြယ်လှယ်သူတွေက လူ့အဖွဲ့အစည်းကို အုပ်စိုးနေတယ်။ အမြတ်ရနေသရွေ့ ဘာပစ္စည်းတွေကို ဘယ်လို ထုတ်နေသလဲ သူတို့ စိတ်မဝင်စားဘူး။ အခွင့်ထူးခံ သူတို့ဘဝကို ကာကွယ်ထိန်းသိမ်းဖို့ ဥပဒေ၊ တရားရုံး၊ အကျဉ်းထောင်၊ စစ်တပ်နဲ့ ရဲတပ်တို့ ပါဝင်တဲ့ လက်နက်ကိုင် အင်အားစုများ (တနည်းဆိုရရင်) နိုင်ငံတော်ဆိုသောအရာကို အကျအန ထူထောင်ထားတယ်။

ကွန်မြူနစ်စနစ်မှာဆိုရင် လူ့အဖွဲ့အစည်း တရပ်လုံးက ကုန်လုပ်ပစ္စည်းတွေရဲ့ "ပိုင်ရှင်" ဖြစ်လာလိမ့်မယ်။ "စုပေါင်းပိုင်ဆိုင်သော ကုန်လုပ်ပစ္စည်းတွေ"ကို အသုံးပြုပြီး လူသားအားလုံး အကျိုးအတွက် ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်ဖြစ် ကုန်ထုတ်လိမ့်မယ်။ သို့သော် အရင်းရှင်စနစ်ကနေ ဒီကွန်မြူနစ်လူ့ဘောင်ကို မရောက်ခင် စပ်ကြား

မှာ ဆိုရှယ်လစ်ခေတ်ပြောင်းကာလကြီး တည်ရှိနေတယ်။

အန်နာ့ခစ်(စ်)တွေကတော့ နိုင်ငံတော် နဲ့ အရင်းရှင်စနစ်ကို ဥံဖွဆိုပြီး မှော်တခိုးနဲ့ နေ့ချင်းညချင်း ဖျက်သိမ်းပစ်နိုင်မယ်လို့ စိတ်ကူးယဉ်ကြတယ်။ ဒါပေမဲ့ ငြိမ်းချမ်းလွတ်လပ်ပြီး ကုံလုံကြွယ်ဝတဲ့ ခေတ်သစ်တခုကို ရောက်ဖို့ အကူးအပြောင်း ကာလတခု လိုအပ်တယ်။ ကွန်မြူနစ်စနစ်ရဲ့ ရုပ်အခြေခံက လူတိုင်း လိုသလောက် ရရှိအောင် ထုတ်ပေးနိုင်စွမ်းပဲ။ ကျနော်တို့ လက်ထဲမှာ နည်းပညာတွေ အံ့မခန်း တိုးတက်နေပြီးသား၊ လူသားတွေ လိုအပ်ချက် ပြည့်ဝအောင် ဘယ်လို အကောင်အထည်ဖော်ရမလဲ သိပြီးသား ဆိုပေမယ့် ငတ်မွတ်ခေါင်းပါး၊ ဆင်းရဲမွဲတေမှုတွေ တပြုံတခေါင်းကြီး ရှိနေသေးတဲ့ အရင်းရှင်စနစ်ကနေ အလျှံပယ်ကြွယ်ဝနေသော ကွန်မြူနစ်စနစ်ဆီ နေ့ချင်းညချင်း ခုန်ကူးမသွားနိုင်သေးဘူး။ အဲဒီ အကူးအပြောင်းကာလကို မာ့က်စ်ဝါဒီတွေက ဆိုရှယ်လစ်စနစ်လို့ ခေါ်ပါတယ်။ မာ့က်စ်က ဂိုသာ လုပ်ငန်းစဉ် ဝေဖန်ချက် (Critique of the Gotha Program) မှာ အခုလို ရှင်းပြထားတယ်။

*“အရင်းရှင်စနစ်နဲ့ ကွန်မြူနစ် လူ့ဘောင်ကြားမှာ ခေတ်ပြောင်း တော်လှန်ရေး ကာလကြီးတခု တည်ရှိနေတယ်။ ဒါနဲ့ အပြပ်ညီညီ ဖြစ်ပေါ်နေသော နိုင်ငံရေး အကူးအပြောင်းကာလ တခုလဲ ရှိနေတယ်။ အဲဒီ အကူးအပြောင်း ကာလရဲ့ နိုင်ငံတော်ဟာ ပစ္စည်းမဲ့ လူတန်းစားရဲ့ တော်လှန်ရေး အာဏာရှင်စနစ်ပဲ ဖြစ်နိုင်တယ်။”*

အများစုကြီး ဖြစ်သော အလုပ်သမား လူတန်းစားက နိုင်ငံရေး အာဏာကို သိမ်းပိုက်လိုက်ခြင်းဟာ ဒီဖြစ်စဉ်ရဲ့ ပထမ ခြေလှမ်းပဲ။ မာ့က်စ်တို့ခေတ်ကတော့ “ပစ္စည်းမဲ့ အာဏာရှင်စနစ်”လို့ ခေါ်ခဲ့ကြတယ်။ ပစ္စည်းမဲ့ အာဏာရှင်စနစ်ဟာ ကျနော်တို့ အခု နေနေရတဲ့ “ဘူဇွာ လူတန်းစား အာဏာရှင်စနစ်”နဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတယ်။ အလုပ်သမား လူတန်းစားဟာ နိုင်ငံရေးအာဏာ ရယူပြီးတာနဲ့ စီးပွားရေးစနစ်ကိုလည်း ပဲ့ကိုင်မောင်းနှင်သွားနိုင်တယ်။ အလုပ်သမား လူတန်းစားက စီးပွားရေးစနစ်ကို လက်တဆုပ်စာ အရင်းရှင်တွေရဲ့ အကျိုးစီးပွားအတွက် မဟုတ်ဘဲ၊ လူ့အဖွဲ့အစည်းတရပ်လုံး အကျိုးစီးပွားအတွက် ဒီမိုကရေစီနည်းကျ ပဲ့ကိုင် မောင်းနှင်သွားရင် လူတိုင်း လူတိုင်း အခြေခံလိုအပ်ချက်တွေ ဖူလုံရုံမက အလျှံပယ် သုံးနိုင်အောင် အမြန်ဆုံး ဖြည့်ဆည်းပေးနိုင်လိမ့်မယ်။ အလုပ်မဲ့ ပြဿနာ မရှိတော့ဘူး။ အရည်အသွေး ပြည့်မီသော ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေး၊ အိုးအိမ်နဲ့ တခြား အရာတွေကို လူတိုင်း အခမဲ့ ရရှိလာလိမ့်မယ်။ လူသားမျိုးနွယ်ရဲ့ တီထွင်ဖန်တီးနိုင်စွမ်း၊ ကုန်ထုတ်လုပ်နိုင်စွမ်းတွေကို ဖွင့်ထုတ်ပေးနိုင်လိမ့်မယ်။

အန်းဂယ်လ်စ် ရှင်းပြခဲ့သလိုပဲ၊ ဒီဆိုရှယ်လစ် “နိုင်ငံတော်”ဟာ လူ့အဖွဲ့အစည်းထဲက အများစုကြီးကို ဒီမိုကရေစီနည်းကျ စစ်စစ်မှန်မှန် ကိုယ်စားပြုနိုင်လိမ့်မယ်။ အဓိပ္ပါယ် အတိအကျ ဆိုရရင် အဲဒီကာလ နိုင်ငံတော်ဟာ နိုင်ငံတော် မဟုတ်တော့ဘူး၊ အားလျော့ပျက်ပြယ်စ ပြုနေပြီ ဖြစ်တယ်။ အရင်းရှင် နိုင်ငံတော်ဟာ လူ့အဖွဲ့အစည်းထဲက လက်တဆုပ်စာ လူနည်းစုလေးကိုပဲ ကိုယ်စားပြုတယ်။ ဒါကြောင့် ရက်စက်ကြမ်းကြုတ်တဲ့ နည်းတွေ သုံးပြီး အများစုသော လူထုကြီးကို ဦးချိုးထားခြင်း ဖြစ်တယ်။ ဒါပေမဲ့ နိုင်ငံတော်ကို လူအများစုကြီးရဲ့ အကျိုးစီးပွားအတွက် မောင်းနှင်အသုံးပြုတဲ့အခါ အရင်းရှင်စနစ်ရဲ့ မညီမျှမှု၊ ဖိနှိပ်မှုတွေ မရှိတော့သလို ရဲတို့၊ စစ်တပ်တို့ အစရှိတဲ့ ဖိနှိပ်ရေး ယန္တရားတွေကိုလဲ မလိုအပ်တော့ဘူး။ အရင်းရှင်စနစ်အောက်က အတင်းအကျပ် ခိုင်းစေမှုနဲ့ လူလူချင်း နိုင့်ထက်ကလူ ပြုကျင့်မှုတွေ တစတစ ပျောက်ကွယ်သွားပြီး အရာဝတ္ထုတွေကို ဒီမိုကရေစီနည်းကျ စီမံခန့်ခွဲခြင်းပဲ အစားထိုးဝင်ရောက်လာလိမ့်မယ်။

လီနင်က “နိုင်ငံတော်နဲ့ တော်လှန်ရေး” စာအုပ်မှာ အခုလို ရှင်းပြထားတယ် -

*"အရင်းရှင် လူတန်းစားရဲ့ ခုခံတိုက်ခိုက်မှု ချုပ်ငြိမ်းသွားပြီး၊ လူတန်းစားရယ်လို့ မရှိတော့တဲ့အချိန် (ဆိုလိုတာက လူ့သမဂ္ဂဝင်များကြား လူမှုကုန်ထုတ် ပစ္စည်းတွေနဲ့ ဆက်စပ်လို့ ကွဲပြားခြားနားမှုဆိုတာ မရှိတော့ဘူး) ကွန်မြူနစ် လူ့အဖွဲ့အစည်းကို ရောက်မှသာ "နိုင်ငံတော်ဟာ ကွယ်ပျောက်သွားမယ်"၊ အဲဒီအခါမှပဲ "အမှန်တကယ် လွတ်လပ်ပြီလို့ ပြောနိုင်မယ်"။ ဒီတော့မှသာ ပကတိ ပြီးပြည့်စုံသော ဒီမိုကရေစီစနစ်ဆိုတာ ဖြစ်နိုင်ချေရှိလာမယ် ၊ ချို့ယွင်းချက်မရှိတဲ့ ဒီမိုကရေစီကို အကောင်အထည်ဖော်နိုင်လိမ့်မယ်။ ဒီကစလို့ ဒီမိုကရေစီဟာ စတင် တိမ်ကော ပပျောက်သွားလိမ့်မယ်။ ဒီလိုဖြစ်သွားရတဲ့ အကြောင်းက ရိုးရှင်းပါတယ်၊ အရင်းရှင်စနစ်ရဲ့ လုပ်ခစား ကျွန်စနစ် မရှိတော့ဘူး၊ အရင်းရှင်စနစ်ရဲ့ သွေးစုပ်ခြယ်လှယ်မှုကြောင့် ရရှိခဲ့တဲ့ မရေမတွက်နိုင်လောက်အောင် များပြားလှသော အနိဋ္ဌာရုံတွေ၊ ရက်စက်ကြမ်းကြုတ်မှုတွေ၊ လှည့်ဖျားမှုနဲ့ ကောက်ကျစ်စဉ်းလဲမှုတွေ ကင်းစင်သွားတဲ့အခါ လူတွေဟာ ရာစုနှစ်ပေါင်းများစွာ သိရှိထားခဲ့သလို၊ နှစ်ထောင်နဲ့ချီပြီး နီတိစာအုပ်တွေထဲမှာ သံတူကြောင်းကွဲ ထပ်ဖန်တလဲလဲ ရေးထားခဲ့တဲ့ လူမှုကျင့်ဝတ် အခြေခံ စည်းမျဉ်းတွေကို လိုက်နာတဲ့ အလေ့အထ တဖြည်းဖြည်း ရလာလိမ့်မယ်။ အင်အား သုံးစရာ မလိုတော့၊ အကျပ်ကိုင်စရာ မလိုတော့၊ နာခံမှုရှိဖို့လဲ မလိုအပ်တော့၊ နိုင်ငံတော်လို့ခေါ်တဲ့ အကြမ်းဖက်ရေး အထူးယန္တရားတရပ်လဲ မလိုအပ်တော့ဘဲ ဒီလူမှု ဆက်ဆံရေး အခြေခံ ကျင့်ဝတ်တွေကို လူအားလုံးက အလေ့အထအလျောက် ကျင့်သုံးလာကြလိမ့်မယ်။"*

[လီနင်ရဲ့ State and Revolution စာအုပ် မြန်မာ ဘာသာပြန် ရှိပြီးဖြစ်လို့ အလယ်က အပိုဒ်တွေကို ကျော်လိုက်ပါတယ်။]

"မာ့က်စ်ဟာ ဖြစ်မလာသေးတာကို ဗလာချီ စိတ်ကူးယဉ် လေထဲတိုက်ဆောက်နေမယ့်အစား အဲဒီအနာဂတ်နဲ့ ပတ်သက်လို့ အခုချိန်မှာ ပြောလို့ရသလောက်ကိုပဲ ပြည့်စုံစုံ ပြောခဲ့တယ်။ ဆိုလိုတာက ကွန်မြူနစ် လူ့အဖွဲ့အစည်းမှာ အနိမ့်အဆင့် (ဆိုရှယ်လစ်စနစ်)နဲ့ အမြင့်အဆင့် (ကွန်မြူနစ်စနစ်) ကြား ခြားနားချက်တွေကိုပဲ ပိုင်းခြားပြောခဲ့တယ်။"

ဆိုတော့ ကျနော်တို့ကို ဆိုရှယ်လစ်တွေလား၊ ကွန်မြူနစ်တွေလားလို့ မေးလာရင် နှစ်ခုလုံး ဟုတ်တယ်လို့ ဖြေရမှာပါပဲ။ ကျနော်တို့ဟာ ကွန်မြူနစ် လူ့အဖွဲ့အစည်း ဖြစ်လာအောင် တိုက်ပွဲဝင်နေကြတယ်။ ဒါပေမယ့် ဒီအဆင့်ကို ရောက်ဖို့ ဒီမိုကရေစီနည်းကျသော ဆိုရှယ်လစ်စနစ်ကို ဖြတ်သန်းသွားရတယ်။ အရေးကြီးဆုံး အချက်က ကျနော်တို့ဟာ မာ့က်စ်ဝါဒီတွေ ဖြစ်တယ်။ မာ့က်စ်ဝါဒ အတွေးအခေါ်တွေဟာ အရင်းရှင်စနစ်ကို ဆန့်ကျင်တိုက်ပွဲဝင်ပြီး ဆိုရှယ်လစ်စနစ်ကို စောလျင်စွာ ထူထောင်နိုင်ရေး လမ်းပြပေးတဲ့ "အလုပ်လမ်းညွှန်"ဖြစ်ပါတယ်။

ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး ဆက်လေ့လာဖို့ လီနင်ရဲ့အပြောင်မြောက်ဆုံး လက်ရာတခုဖြစ်တဲ့ နိုင်ငံတော်နှင့် တော်လှန်ရေး စာအုပ်၊ အခန်း(၅) ကို ညွှန်းပါတယ်။

ဘာသာပြန် - ရှင်မင်းဟန်

10 – 15 JUNE 2024

# VOCÊ É COMUNISTA

你是共产主义者

ARE YOU A … MUNIST?

আপ… নিস্ট কি

… COMUNISTA

… கம்யூனி…

… КОММУНИСТ?

… کیا آپ ک … ست ہیں

JE, WEWE … MUNISTI

신은 공산 … 입

ÊTES-VOUS CO…

WORLD SCHOOL OF COMMUNISM 2024

TOWARDS A REVOLUTIONARY COMMUNIST INTERNATIONAL